မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၆)၊ အမှတ်(၁၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်ကြမည့်သူများနှင့် ကြီးကြပ်အုပ်ချုပ်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၁၄

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ညနေ၄နာရီက နေပြည်တော်ရှိ ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဆောင်၌ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲသို့ တက်ရောက်လာကြသည့် ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်ကြမည့်သူများနှင့် ကြီးကြပ်အုပ်ချုပ်သူများအား ကြိုဆိုနှုတ်ဆက်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်ကြမည့်သူများနှင့် ကြီးကြပ်အုပ်ချုပ်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြိုင်ပွဲဝင်ကြမည့်သူများနှင့် ကြီးကြပ်အုပ်ချုပ်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ တက်ရောက်ကြမည့် အသက်(၆၅)နှစ်အထက် သဘင်နှင့် ဂီတပညာရှင်ကြီးများအား ဆေးဝါးပစ္စည်းများကို ဂါရဝပြုလက်ဆောင်အဖြစ်ပေးအပ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)

နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကျင်းပ

၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို အောက်တိုဘာ၁၅ရက် **(ယနေ့)**တွင် နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပနေပြီ ဖြစ်သည်။

မြန်မာတိုင်းရင်းသားလူမျိုးစု ၁၀၀ကျော်အနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်မြတ်နိုးသည့်၊ နိုင်ငံနှင့်လူမျိုးကို အသက်ပေးကာကွယ်စောင့်ရှောက်လိုသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် အစဉ်ထာဝရ ထက်မြက်မြင့်မားနေရန် လိုအပ်သည်။

မြန်မာနိုင်ငံသည် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်အနုပညာများ ထွန်းကားသည့် နိုင်ငံဖြစ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို အရှည်တည်တံ့ ခိုင်ခံ့စေရန် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်သည်။ ယဉ်ကျေးမှုပျောက်ပါက လူမျိုးပါ ပျောက်တတ်ပေသည်။

မြန်မာ့ဂီတသည် ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်နှင့် မြန်မာ့တူရိယာပဉ္စင်္ဂါဟူသော စကားနှင့်အညီ ဘဝင်ကျနှစ်သက်စွဲမက်စေသည့် ပညာရပ်ဖြစ်သည်။ မြန်မာ့အကသည်လည်း ခေါင်း၊ ခါး၊ ခြေ၊ လက် ဤလေးချက် မပျက်စေရသုခုမဟူသော စကားအရ ငြိမ့်ညောင်း သွယ်ပျောင်းသည့် အဆင့်အတန်းမြင့်မားသော အနုပညာရပ်ဖြစ်သည်။ မြန်မာတို့၏ ရိုးရာ ယဉ်ကျေးမှု အနုပညာစစ်စစ်ဖြစ်၍ ဆက်လက်ထွန်းကား ပြန့်ပွားစေရန် ကြိုးပမ်းကြရမည် ဖြစ်သည်။

ဇာတိပုညဂုဏ်မာနဟူသော စကားနှင့်အညီ မြန်မာတို့၏ ရိုးသားဖြူစင်မှု၊ ယဉ်ကျေး သိမ်မွေ့မှု၊ ဖော်ရွေပျူငှာမှု၊ မျိုးချစ်စိတ်ရှိမှု၊ ဇာတိသွေးဇာတိမာန် ထက်သန်မှုစသည့် အမျိုးသားရေး စရိုက်လက္ခဏာများကို မပျောက်ပျက်စေရေး ထိန်းသိမ်းသွားကြရန် လိုပေ သည်။

မျိုးဆက်သစ်လူငယ်များအတွင်း ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထားထိန်းသိမ်းလိုစိတ်၊ ရိုးရာဂီတ အနုပညာရပ်များကို ချစ်မြတ်နိုးစိတ်များ ကိန်းအောင်းနေပြီး လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းစေရန် လေ့ကျင့်ပျိုးထောင်ပေးကြရမည် ဖြစ်သည်။

ယနေ့ကာလတွင် မီဒီယာများ၊ အင်တာနက်များမှတစ်ဆင့် အနောက်တိုင်းမှ သရုပ်ပျက် ရုပ်ရှင်၊ ဂီတအနုပညာရပ်များသည် မျိုးဆက်သစ်လူငယ်လူရွယ်များအကြား ထိုးဖောက် ဝင်ရောက်လာနေသည်။ ယင်းကဲ့သို့ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်း အန္တရာယ်ကိုလည်း တားဆီးကာကွယ်သွားကြရမည် ဖြစ်သည်။

ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်(၇)ရပ် ပေါက်မြောက်အောင်မြင်စေရေး ပူးပေါင်းလက်တွဲ ကြိုးပမ်းသွားကြမည်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက် ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည် ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက် မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက် မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁၀-၂၀၀၆ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	အဏုဇီဝတွင်းထွက်ရတနာ
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	ပေါ့ပေါ့ပါးပါး ဂေါက်သီး အားကစား (အခြေခံ) လေးပုံသုံးပုံ လွှဲချက်ပြုလုပ်ခြင်း၊ ကျင်းစိမ်ခြင်း)
၈း၂၅	နိုင်ငံတကာအနုပညာရေးရာ
၈း၅၀	ပြည်တွင်းသတင်းအကျဉ်း
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	စွမ်းဆောင်ရည်မြင့်မား မီဒီယာသုံးပစ္စည်းများ (အပိုင်း-၁)
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀	မြစ်ရေတင်စိုက်ပျိုးရာတွင် ရေအလေအလွင့် နည်းပါးရေး
၉း၅၀	မိုးလေဝသခန့်မှန်းချက်
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	ကလေးတို့အတွက် လက်ဆောင် (လက်ထိုးရုပ်နှင့် ဟာသ်ရုပ်)
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅	စွန့်ပစ်ပစ္စည်း အကျိုးရှိစေမှာ ဇီဝဓာတ်ငွေ့ပေါင်းအိုးပါ
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	ပတ်ဝန်းကျင် သန့်ရှင်းဖို့ရာ ရေဆိုးသန့်စင်စက်ရုံက ကူညီမှာ
၁၁း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၁း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	ကြည်လင်ဝင်းပ သဘာဝ ဆေးစွမ်းအလှ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports
၉း၀၀	EPL ပွဲကြိုသုံးသပ်ချက်	5-Sports (Live)
၉း၂၅	Newcastle-Bolton	5-Sports (Live)

Series-A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၃၀	Reggina-Roma	5-Series (Live)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သမိုင်း ကျိုက်ဝိုင်းဘုရားလမ်း အမှတ် ၈ နေ ဦးဝင်းကြည် (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း) ဒေါ်လှရီ (လက်ထောက်ကထိက၊ ငြိမ်း) မိသားစုတို့က ဒေါ်လှရီ၏ မွေးနေ့ အထိမ်းအမှတ် ဆွမ်းပဒေ သာပင်နှင့် ဆေးပဒေသာပင် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ် လှူဒါန်းစဉ်။ (က-ပ)

ပျဉ်းမနားမြို့ မိုးစွေစံပြကျေးရွာ အလကကျောင်းဆောင်သစ်ဖွင့် ငွေကျပ်သိန်းသုံးရာကျော် အကုန်အကျခံဆောက်လုပ်ခဲ့

နေပြည်တော် အောက်တိုဘာ ၁၄

ပျဉ်းမနားမြို့နယ် မိုးစွေစံပြကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို အောက်တိုဘာ ၁၂ရက် နံနက်၈နာရီက အဆိုပါကျောင်း၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်မှူး ဗိုလ်မှူးချုပ်ဝေလွင်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပျဉ်းမနားခရိုင်ပညာရေးမှူး ဦးလှထူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနွဲ့နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အခြေခံပညာ အလယ်တန်းကျောင်း၏ အနော်ရထာ ကျောင်းဆောင်သစ်ကို စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများ နှင့်အတူ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှု အားပေးသည်။

ဂုဏ်ပြုအမှာစကားပြောကြား

ထို့နောက် အခမ်းအနားကိုကျောင်း ဆောင်သစ်၌ ဆက်လက်ကျင်းပရာ တိုင်းမှူးက ကျောင်းဆောင်သစ် ဖွင့်လှစ် နိုင်ခြင်းနှင့် စပ်လျဉ်း၍ ဂုဏ်ပြုအမှာ စကားပြောကြားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ကျောင်းအုပ်ဆရာမ ကြီးက ကျေးဇူးတင်စကား ပြောကြား ပြီး ကျောင်းဆောင်သစ်နှင့် စပ်လျဉ်း သည့် စာရွက်စာတမ်းများကို ခရိုင်ပညာ ရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျောင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက တပ်မတော်သားများ၏ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၁၀၀ ကို လည်းကောင်း၊ မိဘဆရာအသင်းက ငွေကျပ်၆၃သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြပြီး တာဝန်ရှိသူများ က လက်ခံ၍ ဖွင့်ပွဲကိုရုပ်သိမ်းလိုက် သည်။

ကုန်ကျ

ယခုဖွင့်လှစ်လိုက်သောအနော်ရထာ ကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိပြီး အုတ်ညှပ် နှစ်ထပ် ကျောင်းဆောင်သစ်ဖြစ်၍ စုစုပေါင်း ငွေကျပ် ၃၄၃ သိန်းကုန်ကျခဲ့ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အသက် ၆၅ နှစ်အထက် သဘင်နှင့်ဂီတပညာရှင်ကြီးများအား ဆေးဝါးပစ္စည်းများကို ဂါရဝပြု လက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

(၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊

၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊

၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊

၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

■ ရှေ့ဖုံးမှ

တက်ရောက်

ကြိုဆိုနှုတ်ဆက်ပွဲ အခမ်းအနားသို့ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဦးစီးကော်မတီဝင်များ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် သစ်တောတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအကဲဖြတ်ပညာရှင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်များနှင့် ကြီးကြပ်အုပ်ချုပ်သူများ တက်ရောက်ကြသည်။

လိုက်လံနှုတ်ဆက်

ရှေးဦးစွာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်ကြမည့်သူနှင့် ကြီးကြပ်အုပ်ချုပ်သူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆေးဝါးပစ္စည်းများပေးအပ်

ထို့နောက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ တက်ရောက်ကြမည့် အသက်(၆၅)နှစ်အထက် သဘင်နှင့် ဂီတပညာရှင်ကြီးများအား ဆေးဝါးပစ္စည်းများကို ဂါရဝပြု လက်ဆောင်အဖြစ် ပေးအပ်သည်။

(သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အသက် ၆၅ နှစ်အထက် သဘင်နှင့်ဂီတပညာရှင်ကြီးများအား ဆေးဝါးပစ္စည်းများကို ဂါရဝပြု လက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

သီတင်းကျွတ် စတုတ္ထအကြိမ် တရားစခန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၁၄

မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ အောင်ချမ်းသာဆရာတော် အရှင်စန္ဒသူရိယသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၁၆) ရပ်ကွက် မြို့ဦးစေတီဘူတာရုံဓမ္မရိပ်သာကျောင်းတိုက်၌ ၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ရက် (အောက်တိုဘာ ၁၉ ရက်)ကြာသပတေးနေ့မှ တန်ဆောင်မုန်းလဆန်း၃ရက် (အောက်တိုဘာ ၂၃ ရက်)တနင်္လာနေ့အထိ သီတင်းကျွတ် စတုတ္ထအကြိမ် တရားစခန်းဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများ အိပ်ရာလိပ်နှင့် အသုံးအဆောင်ပစ္စည်းများယူဆောင်လာကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ အရည်အချင်းစစ်ရေးဖြေစာမေးပွဲကျင်းပမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၄

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူခဲ့သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးအရာရှိ လစ်လပ်ရာထူးနေရာများအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲများကို ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများ၌ ယနေ့တစ်ပြိုင်တည်းကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးလှမြင့်ဦးနှင့် ဦးဝင်းအောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးအရာရှိ လစ်လပ်ရာထူးများသို့ လျှောက်လွှာရှင် ၈၃၀ ဝင်ရောက်ဖြေဆိုကြသည်။

(သတင်းစဉ်)

ကျောင်းကြက်ခြေနီ အခြေခံရှေးဦးပြုစုခြင်း သင်တန်းဆင်းပွဲ ဒဂုံ အ-ထ-က (၁)၌ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၆-၂၀၀၇ခုနှစ် ပညာသင်နှစ် ကျောင်းကြက်ခြေနီ အခြေခံ ရှေးဦးပြုစုခြင်း သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက အဆိုပါကျောင်း ဒဂုံ သီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ဇနီး မြန်မာနိုင်ငံကြက်ခြေနီအသင်း အကြံပေးအရာရှိ ကျောင်းကြက်ခြေနီ အသင်းများတာဝန်ခံ ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကြံပေးအရာရှိ ဒေါက်တာဒေါ်မမရီ၊ မိခင်နှင့်ကလေး ကျောင်းကျန်းမာရေး ဆရာဝန် ဒေါက်တာဒေါ်ခင်စောရီ၊ ဒဂုံမြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာဥမ္မာသွင်၊ ဒဂုံမြို့နယ် ပညာရေးမှူးဦးဝင်းလှိုင်ထိန်၊ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်၊ ကျောင်းကျန်းမာရေးအသင်းတာဝန်ခံ ဒေါ်ခင်ငြိမ်းဝေနှင့် ဆရာ၊ ဆရာမများ၊ ရှေးဦးပြုစုခြင်းသင်တန်းသို့ တက်ရောက်သည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီးဦးကျော်ကျော်က အမှာစကားပြောကြားပြီး ဆုရရှိသူများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ဇနီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကြံပေးအရာရှိ ကျောင်းကြက်ခြေနီ အသင်းများတာဝန်ခံ ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ကြသည်။

ပို့ချ

အဆိုပါသင်တန်းကို ၂၀၀၆ခုနှစ် အောက်တိုဘာ၉ရက်မှ ယနေ့အထိ ကျောင်းသား၊ ကျောင်းသူများအား ရှေးဦးသူနာပြုစုနည်းများကို သင်တန်းပို့ချကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျူးဘားအဘိုးဘင်နီတို မာတီနက်အဘာရိုဂန်။

ကျူးဘားနိုင်ငံ၏ အသက် အကြီးဆုံးအဘိုး အသက် ၁၂၆နှစ်၌ ကွယ်လွန်သွားခဲ့

ဟာဗားနား အောက်တိုဘာ ၁၄

ကျူးဘားနိုင်ငံ၏ အသက်အကြီးဆုံး ပုဂ္ဂိုလ်ဖြစ်သည့် အဘိုးဘင်နီတို မာတီနက်အဘာရိုဂန်သည် အောက်တိုဘာ ၁၁ရက်က အသက် ၁၂၆နှစ်တွင် ကွယ်လွန်ခဲ့သည်။

၎င်းသည် ကျူးဘားအလယ်ပိုင်းရှိ ခီဂိုဒီအဗီလာဆေးရုံ၌ ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြောင်းရွှေ့

အဆိုပါ အဘိုးအိုသည် ဟင်းသီးဟင်းရွက်များကို အများအားဖြင့် စားသုံး၍ ကျန်းမာရေးကောင်းမွန်ကာ အသက်ရှည်ရခြင်းဖြစ်ကြောင်း၊ ရံဖန်ရံခါ အသားလည်းစားကြောင်း၊ ၎င်းသည် ၁၈၈၀ ပြည့်နှစ်က ဟေတီ၌ မွေးဖွားသူဖြစ်ကြောင်း၊ ၁၉၂၅ ခုနှစ်က ကျူးဘားသို့ ကြံစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန် ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

ကျူးဘားနိုင်ငံ၌ လူဦးရေ ၁၁ ဒသမ ၂သန်းရှိရာတွင် အသက်ရာကျော် အဘိုးအဘွား ၂၅၀၀ရှိကြောင်း မကြာသေးမီက လေ့လာဆန်းစစ်ချက်အရ သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

ဖိလစ်ပိုင်၌ ဗုံးပေါက်ကွဲ

မနီလာ အောက်တိုဘာ ၁၄

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုဒေသ မာကီလာလာတွင် လက်လုပ်ဗုံးတစ်လုံး အောက်တိုဘာ ၁၀ရက် ညပိုင်းက ပေါက်ကွဲခဲ့ရာ အရပ်သား ၁၂ ဦးသေဆုံးပြီး ၂၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်သတင်းဌာနက သတင်းဖော်ပြသည်။

သေဆုံးသူများအနက် နှစ်ဦးမှာ နေရာတွင်ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း မာကီလာလာ မြို့တော်ဝန် ရက်စပီစီယိုက ပြောကြားသည်။

အဆိုပါပေါက်ကွဲမှုမှာ အထက်ပါမြို့၏ မြို့တော်ခန်းမရှေ့၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

ပါလီမန်သစ်တွင်စစ်ဘက်နှင့် အငြိမ်းစားများ အဓိကပါဝင်မည် ထိုင်းကြားဖြတ်အစိုးရ ထုတ်ဖော်ပြောကြား

ဗန်ကောက် အောက်တိုဘာ ၁၄

ထိုင်းပါလီမန်သစ်တွင် စစ်ဘက်တာဝန်ရှိသူများ၊ အငြိမ်းစား အရာရှိများနှင့် ပညာရေးအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များက အဓိကပါဝင်ထားမည်ဖြစ်ကြောင်း ထိုင်းကြားဖြတ်အစိုးရက အောက်တိုဘာ ၁၂ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ထိုင်းပါလီမန်တွင် စစ်ဘက်တာဝန်ရှိသူများက အဓိကပါဝင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ချူလာနွန်က ဝန်ကြီးအဖွဲ့ အစည်းအဝေးပြုလုပ်စဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

အာဏာသိမ်း

ထိုင်းနိုင်ငံတွင် စက်တင်ဘာ ၁၉ရက်က ကြည်းတပ်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆွန်သီကအာဏာသိမ်းယူခဲ့သည်။

ရွေးချယ်

မကြာမီက ဗိုလ်ချုပ်ကြီးဟောင်း စူရာယုဒ်ချူလာနွန်အား ကြားဖြတ်အစိုးရ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခဲ့သည်။

စတင်ဆောင်ရွက်

အဆိုပါဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲ့သည် အာဏာသိမ်းပြီးနောက် နိုင်ငံရေးတည်ငြိမ်ရေးနှင့် စီးပွားရေး၊ ပြန်ကောင်းလာရေး၊ အစိုးရယန္တရားများ ပုံမှန်လည်ပတ်ရေးအတွက် လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်၏ အရန်ရေနံနှင့် သဘာဝဓာတ်ငွေ့ သိုလှောင်မှု ခန့်မှန်းသည်ထက် ၁၀ဆပိုမို

ကဘူးလ် အောက်တိုဘာ ၁၄

အာဖဂန်နစ္စတန်နိုင်ငံ၏ အရန်ရေနံနှင့် သဘာဝဓာတ်ငွေ့သိုလှောင်ထားမှုသည် ယခင်ကခန့်မှန်းသည်ထက် ၁၀ဆပိုခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းစာက အောက်တိုဘာ ၁၂ ရက်တွင်ဖော်ပြထားသည်။

ယခင်က ရုရှားနိုင်ငံထုတ် သတင်းစာ၌ ဖော်ပြချက်အရ အာဖဂန်၌ ဓာတ်ငွေ့ကုဗမီတာ ၁၂၀ဘီလီယံနှင့် ရေနံတန်ချိန် ၁၅သန်းခန့်ရှိသည်ဟု အာဖဂန်သတ္တုတွင်းဝန်ကြီး မိုဟာမက်အိုင်ဖရင်ဟင်မ်းအဒေါ်လ်က ပြောကြားသည်။

ခန့်မှန်း

အာဖဂန်နစ္စတန်၌ အရန်ရေနံနှင့် သဘာဝဓာတ်ငွေ့ သိုလှောင်ထားမှုသည် ရုရှားနိုင်ငံက ယခင်ခန့်မှန်းထားသည်ထက် ၁၀ဆ ပိုခဲ့သည်။

ပိုမိုထွက်ရှိ

အာဖဂန် နစ္စတန်နိုင်ငံ၏ မြောက်ပိုင်းပြည်နယ် အနောက်ပိုင်းရှိ ဟီရက်တောင်ပိုင်းဒေသရှိ ဟေမန်နှင့် အရှေ့ပိုင်းဒေသရှိ ပတ်သီကာတို့တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့များ ပိုမိုထွက်ရှိခဲ့ကြောင်း သတ္တုတွင်းဝန်ကြီး အဒေါ်လ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗီယက်နမ်-လာအိုနှစ်နိုင်ငံ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်

ဟန္နိုင်း အောက်တိုဘာ ၁၃

ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံတို့သည် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ကြမည်ဖြစ်ကြောင်း၊ အထူးသဖြင့် စီးပွားရေးနှင့် ကုန်သွယ်ရေးကဏ္ဍများဖြစ်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များ၏ ပြောကြားချက်ကို ဗီယက်နမ် နယူးစ်အေဂျင်စီက ကိုးကားဖော်ပြသည်။

အလည်အပတ် ရောက်ရှိနေသောဗီယက်နမ်ဗဟိုကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ် နွန်ဒတ်မန်းနှင့် လာအိုပြည်သူ့တော်လှန်ရေးပါတီအတွင်းရေးမှူးချုပ်ချောင်မာလေဆိုင်ယာဆုံသီတို့သည် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံရေး၊ စည်းလုံးညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဒေသအရေး၊ နိုင်ငံတကာအရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဗီယက်နမ်နှင့်လာအို နှစ်နိုင်ငံသည် နှစ်နိုင်ငံပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းစေမည့် တည်ငြိမ်အေးချမ်းရေး၊ လွတ်လပ်ရေး၊ ဒီမိုကရေစီ အရေးနှင့် လူမှုရေးကိစ္စရပ်များကိုလည်း ဆောင်ရွက်ရန်သဘောတူညီခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

မော်တော်ဆိုင်ကယ်ရောင်းအား အင်ဒိုနီးရှား၌ ကျဆင်း

ဂျကာတာ အောက်တိုဘာ ၁၄

အင်ဒိုနီးရှားနိုင်ငံတွင် ယခုနှစ် ပထမကိုးလအတွင်း မော်တော်ဆိုင်ကယ်ရောင်းအားသည် ယမန်နှစ်အလား တူကာလထက် ၂၇ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အောက်တိုဘာ ၁၁ ရက်က သတင်းထုတ်ပြန်သည်။

ကျဆင်း

ဟွန်ဒါ မော်တော်ဆိုင်ကယ် ကုမ္ပဏီမှာ ရောင်းအား ၃၈ ဒသမ ၅ရာခိုင်နှုန်းကျဆင်းသွားသည့်အတွက် အရှုံးများခဲ့ရကြောင်း၊ ဆူဇူကီး မော်တော်ဆိုင်ကယ် ရောင်းအားမှာလည်း ၄၂ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်။

သို့သော် ပြည်တွင်းထုတ်လုပ် မှုနှင့်ဖြန့်ဖြူးသည့် ကုမ္ပဏီတစ်ခုဖြစ်သည့် ပီတီအက်စ်တာ ဟွန်ဒါမော်တာကုမ္ပဏီမှာဈေးကွက်၏ ၅၂ ရာခိုင်နှုန်း ထိန်းထားနိုင်ကြောင်း အင်ဒိုနီးရှား မော်တော်ဆိုင်ကယ်စက်ရုံများ အဖွဲ့အစည်း (အေအိုင်အက်စ်အေ)၏ အချက်အလက်များကို ကိုးကား၍ ဘစ်နစ် သတင်းစာက ဖော်ပြသည်။

ရာမဟာ မော်တော်ဆိုင်ကယ် ရောင်းအားမှာ ယခုနှစ်အတွင်း ၁၈ ရာခိုင်နှုန်းမြင့်တက်လာကာ ဒုတိယ နေရာတွင်ရှိနေသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ထူးခြားသည့်ဆံကေသာအလှပိုင်ရှင်

ပနားမားမယ် မေသီဆန်ချက်သည် နိုင်ငံတကာမယ်ပြိုင်ပွဲ ၂၀၀၆သို့ ပြိုင်ပွဲမဝင်မီ ၎င်း၏ ထူးခြားလက်ရာမြောက်လှသည့် ဆံကေသာအလှကို အောက်တိုဘာ၁၃ရက်က တိုကျိုမြို့ သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြသနေခြင်းဖြစ်သည်။ အဆိုပါနိုင်ငံတကာမယ်ပြိုင်ပွဲ ၂၀၀၆ကို နိုဝင်ဘာ ၁၁ရက်တွင် တရုတ်နိုင်ငံပေကျင်းမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**(ယာပုံ)**

(အင်တာနက်)

ခရမ်းချဉ်သီးပွဲတော် ဆင်နွှဲပျော်

အစ္စရေးနိုင်ငံတောင်ပိုင်း ရီဗောကျေးရွာ၌ အောက်တိုဘာ ၁၂ရက်က အစ္စရေးမိန်းကလေးတစ်ဦး ခရမ်းချဉ်းသီးပွဲတော်တွင် ပါဝင်ဆင်နွှဲနေခြင်းဖြစ်သည်။ (ဝဲပုံ)

အစ္စရေးတို့၏ စိုက်ပျိုးရေးနည်းပညာတိုးတက်မှုနှင့်အတူ ထိုကဲ့သို့ ပွဲတော်များ ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ကမ္ဘာ့ယဉ်ကျေးမှုနယ်ပယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာ ဂုဏ်ရှိန်မြင့်မားစွာတည်ရှိ ရိုးရာယဉ်ကျေးမှုအနုပညာ မတိမ်ကော မပပျောက်စေရေး ကြိုးပမ်းခဲ့ရာ (၁၄)ကြိမ်တိုင်ခဲ့ပြီ

ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားဝတ်စုံဝတ်ဆင်ထားသော ပြိုင်ပွဲဝင်များ ရှင်လန်းတက်ကြွပြီး အားမာန်အပြည့်ရှိ

နေပြည်တော် အောက်တိုဘာ ၁၄

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာသည် နှစ်ပေါင်းရှည်ကြာစွာ ထည်ထည်ဝါဝါရှိခဲ့သည်။ ကမ္ဘာ့ယဉ်ကျေးမှု အနုပညာနယ်ပယ်တွင် ဂုဏ်ရှိန်မြင့်မားစွာလည်း တည်ရှိခဲ့သည်။ ထိုသို့ကမ္ဘာ့အလယ်တွင် ဂုဏ်ရှိန်မြင့်မားခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာ မတိမ်ကောမပပျောက်စေရေးအတွက် ကြိုးစားဆောင်ရွက်ရာတွင် နိုင်ငံတော်က အလေးထားဆောင်ရွက်ခဲ့သဖြင့် ယခုအခါ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသည် (၁၄)ကြိမ်တိုင်ခဲ့ပြီဖြစ်သည်။

ပထမဆုံး

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို အောက်တိုဘာ ၁၅ရက်မှ ၂၉ ရက်အထိ နေပြည်တော်တွင် ကျင်းပမည်ဖြစ်ရာ နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည်။

တက်ရောက်

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များအား ကြိုဆိုနှုတ်ဆက်ခြင်း အခမ်းအနားကို နေပြည်တော်ရှိ ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဆောင်၌ အောက်တိုဘာ ၁၄ရက်ညနေ ၄ နာရီကကျင်းပရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နာယကအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် ပြည်နယ်တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

ကြည်နူးဖွယ်ရာ

ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားဝတ်စုံဝတ်ဆင်ထားသော ပြိုင်ပွဲဝင်များကို (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များက ရင်းနှီးနွေးထွေးစွာ တစ်ဦးချင်းလိုက်လံနှုတ်ဆက်ရာ ခန်းမကြီးတစ်ခုလုံး အသက်ဝင် လှုပ်ရှားကြည်နူးစရာ မြင်ကွင်းပင်ဖြစ်သည်။

ရှင်လန်းတက်ကြွ

ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူများ၊ အကဲဖြတ်ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်များ၏ မျက်နှာဝယ်ရှင်လန်း တက်ကြွလျက်ရှိသည့်အပြင် ပြိုင်ပွဲဝင်ရတော့မည့်အတွက် အားမာန်အပြည့် ရှိနေသည့် အသွင်ဆောင်လျက်ရှိသည်။

ပိုစတာကြီးများ

ပြိုင်ပွဲဝင်များကို ကြိုဆိုနှုတ်ဆက်သည့်အခမ်းအနား ကျင်းပရာ ခန်းမရှေ့မျက်နှာပြင်၌ ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်အလံများလွှင့်ထူထားသလို (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မြေစိုက်ပိုစတာကြီးကလည်း ခံ့ညားစွာတည်ရှိနေသည်။

ထောက်ပံ့ပစ္စည်း

ထို့နောက် (၁၄)ကြိမ်မြောက်မြန်မာ့ရိုးရာ အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပြိုင်ပွဲဝင်များအား တစ်ဦးချင်းနှုတ်ဆက်အပြီး အခမ်းအနားသို့ တက်ရောက်လာသော အသက် ၆၅နှစ် အထက် အနုပညာရှင်ကြီးများအား ဆေးဝါးပစ္စည်းများ ဂါဝရပြု ပေးအပ်ခဲ့သည်။

၁၁ ဦးရှိ

အခမ်းအနားသို့ တက်ရောက်လာသော အသက်၆၅နှစ်အထက် သက်ကြီးအနုပညာရှင်မှာ ဦးဗိုလ်ကလေးတင့်အောင်၊ ဒေါ်စံရှားတင်၊ ဒေါ်တင်တင်မြ တို့အပါအဝင် စုစုပေါင်း ၁၁ဦးရှိသည်။

နေပြည်တော်တွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည့် ပြိုင်ပွဲဖြစ်သော်လည်း အစီအစဉ်များ စနစ်တကျပြင်ဆင်ထားမှုကြောင့် အစစအရာရာ အဆင်ပြေချောမွေ့လျက်ရှိသည်။

ရည်မှန်းထား

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲသို့ ပါဝင်ဆင်နွှဲမည့် ပြိုင်ပွဲဝင်အချို့နှင့် အုပ်ချုပ်သူအချို့ကို မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့ရာ မန္တလေးတိုင်းမှ ပြိုင်ပွဲဝင် အသင်းအုပ်ချုပ်သူဦးဖေတင်က ပြောကြားရာတွင်"ယခုနှစ်၌ ပြိုင်ပွဲဝင် ၄၆၆ဦး ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ မနှစ်ကတော့ ရွှေ ၂၇၊ ငွေ ၄၀၊ ကြေး ၄၇ခု ရရှိခဲ့တဲ့အတွက် ဆုတံဆိပ်ပေါင်း ၁၄၄ ရရှိခဲ့တော့ ဒီနှစ် ဆုတံဆိပ်များများ ရရှိမယ်လို့ ရည်မှန်းထား ပါတယ်"ဟု ပြောကြားသည်။

မွန်ပြည်နယ်

ထို့နောက် မွန်ပြည်နယ်အသင်းအုပ်ချုပ်သူ ဦးတိုင်းကျော်ကလည်း "ပြိုင်ပွဲဝင်စုစုပေါင်း၇၀ပါဝင်ယှဉ်ပြိုင်မယ်၊ မနှစ်ကဆုတံဆိပ်၄၃ခုရရှိခဲ့ တော့ ဒီနှစ်ပိုရအောင် ကြိုးစားသွား မှာပါ"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

စစ်ကိုင်းတိုင်း

တစ်ဖန် စစ်ကိုင်းတိုင်းမှ ပါဝင်ယှဉ်ပြိုင်သူ မြန်မာ့ဆိုင်းဝိုင်း အတီးပြိုင်ပွဲဝင် မောင်မင်းဝင်းက ပါဝင်ယှဉ်ပြိုင်မှုနှင့်ပတ်သက်၍ "ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်တာပါ၊ ဝါသနာရှင်အဆင့် အသက် (၂၃)နှစ်မှာ ပထမဆုံးအကြိမ်ပြိုင်ပေမယ့် ဆုရမယ်လို့ မျှော်လင့်ထားပါတယ်"ဟု ပြောကြားသည်။

ချင်းပြည်နယ်

ထို့အပြင် ချင်းပြည်နယ်မှ အကပြိုင်ပွဲဝင် မနန်းလွင်ထက်ထက်ကျော်ကလည်း"ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်တာပါ၊ အသက်(၁၀နှစ်မှ ၁၅ နှစ်)တန်းမှာဆိုတော့ ဆုရအောင် ကြိုးစားသွားမယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကား ခြိမ့်ခြိမ့်သဲ စတင်ကျင်းပနေပြီဖြစ်ရာ ပြည်နယ်၊ တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်များ ပါဝင်ဆင်နွှဲလျက်ရှိပြီး နေပြည်တော်ရှိ သတ်မှတ်နေရာများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနေပြီဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

လက်ဆောင်ပေးအပ်

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ တက်ရောက်ကြသည့် အသက်(၆၅)နှစ်အထက် သဘင်နှင့်ဂီတပညာရှင်ကြီးများအား ဤသို့ဆေးဝါးပစ္စည်းများ လက်ဆောင်ပေးအပ်ခဲ့သည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

"မန္တလေးတိုင်းမှ ပြိုင်ပွဲဝင် ၄၆၆ဦး ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဒီနှစ်လဲ ဆုတံဆိပ်များများ ရရှိမယ်လို့ ရည်မှန်းထားပါတယ်"
အသင်းအုပ်ချုပ်သူ
ဦးဖေတင်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

"မွန်ပြည်နယ်မှ ပြိုင်ပွဲဝင် စုစုပေါင်း ၇၀ ပါဝင် ယှဉ်ပြိုင်မယ်။ မနှစ်ကထက် ဆုတံဆိပ်ပိုရအောင် ကြိုးစားမယ်"
အသင်းအုပ်ချုပ်သူ
ဦးတိုင်းကျော်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

"ဝါသနာရှင်အဆင့် မြန်မာ့ဆိုင်းဝိုင်း အတီးပြိုင်ပွဲတွင် ပထမဆုံးအကြိမ်ပါဝင်ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်။ မျှော်လင့်ချက်လဲ ထားရှိပါတယ်"
စစ်ကိုင်းတိုင်းမှ
မောင်မင်းဝင်း
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

"အသက် ၁၀-၁၅နှစ်တန်း အကပြိုင်ပွဲကို ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်တာဖြစ်ပေမယ့် ဆုရအောင် ကြိုးစားသွားပါမယ်"
ချင်းပြည်နယ်မှ
မနန်းလွင်ထက်ထက်ကျော်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

သတင်းမြင်ကွင်း-မောင်မောင်မြင့်ဆွေ

ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

အဆုတ်ရောဂါခြိမ်းခြောက်မှုအန္တရာယ် ဥရောပနိုင်ငံများ ရင်ဆိုင်နေရ

အရှေ့ဥရောပနှင့် ဗဟိုအာရှတွင် အဆုတ်ရောဂါဆေးမတိုးမှုက ဥရောပသမဂ္ဂ (အီးယူ)နိုင်ငံများအား အသေအပျောက်များသည့် ရောဂါအန္တရာယ်ကပ်ဆိုက်ရန် အန္တရာယ်ကြုံနေကြောင်း ကျန်းမာရေးအရာရှိများက သတိပေးထားသည်။

တိုက်တွန်း

ဒုတိယကမ္ဘာစစ်ကြီး အပြီးတွင် ကြောက်စရာ အကောင်းဆုံးသော အဆုတ်ရောဂါဖြစ်မည့် အခြေအနေဖြစ်ကြောင်း၊ ဥရောပသမဂ္ဂ(အီးယူ)ခေါင်းဆောင်များအနေဖြင့်ထိုအန္တရာယ်ကို တိုက်ဖျက်ရန် အသင့် ပြင်ကြိုးပမ်းကြရန် ကြက်ခြေနီအဖွဲ့က တိုက်တွန်းလိုက်သည်။

ကြေညာ

အဆုတ်ရောဂါအဖြစ်ဆိုးနှင့်အများဆုံး ကြုံတွေ့နိုင်သည့် နေရာများမှာ ဥရောပသမဂ္ဂ (အီးယူ)ဝင် နိုင်ငံများ၏ နယ်ခြား ဒေသများတွင်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က ကြေညာသည်။

အဆုတ်ရောဂါ ထိန်းချုပ်ရေးတွင် ရင်းနှီးမြှုပ်နှံရေးမှာ မိမိတို့ကြုံတွေ့ရသည့် အမှန်တကယ်အရေးပေါ် ကိစ္စဖြစ်ကြောင်း၊ ဥရောပအစီအစဉ်တွင် ယင်းကိစ္စကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း ဒဗလျူအိပ်ချ်အို၏ အဆုတ်ရောဂါ တိုက်ဖျက်ရေးဌာန ညွှန်ကြားရေးမှူးမာရီယိုက ပြောကြားသည်။ ။

(ကိုးကား-အင်တာနက်)

အင်တာနက် သတင်းနှင့်ဓာတ်ပုံ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်

❒ ကျောဖုံး

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံး ကာလသည် ၁၂လထက် မပိုစေရ။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ အောက်ပါကိစ္စရပ်များ ဆောင်ရွက်သည်–

(က) နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ဃ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(င) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း၊

၆။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အထူး အစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန် လိုအပ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အကြောင်းကြားလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် လွှတ်တော်အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက တောင်းဆိုလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အထူးအစည်းအဝေးကို အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

၇။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး တစ်ရပ်၏ ပထမနေ့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေးအထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေးအထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်းဦးရေ အနက် အနည်းဆုံး သုံးပုံ တစ်ပုံတက်ရောက်လျှင် ယင်း အစည်းအဝေးများ အထမြောက်သည်။

၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စများ၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် တစ်ဦးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ရက် တစ်ဆက်တည်းပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၏ နေရာ လစ်လပ်သည်ဟု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကကြေညာနိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး တက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့်ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေး ရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် လွှတ်တော် ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် လုပ်ငန်းများကို ဆောင်ရွက်ခွင့် ရှိသည်။ ထို့ပြင် အခွင့်အရေးမရှိသူတစ်ဦးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်း၊ ဆန္ဒမဲပေးခဲ့ခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်း တစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း"တွင် ဖော်ပြသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာ သက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။

၁၃။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဥပဒေ တစ်ရပ်ပြဋ္ဌာန်းသည့်အခါ–

(၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(၂) သက်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့်လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း ညီညွတ်မှုရှိရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်း သည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာ အဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံးကျင်းပသော တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ပုံမှန် အစည်းအဝေး ကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

(င) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကိုပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်းမပြုမီ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကိုထိခိုက်ခြင်း မရှိစေရ။

၁၄။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူမည့် ကိစ္စရပ်များ၊ သဘောတူညီချက်ရယူမည့် ကိစ္စရပ်များ၊ အတည်ပြုချက်ယူမည့်ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး ကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး ကျင်းပဆဲ ကာလမဟုတ်လျှင် အနီးကပ်ဆုံး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၃) အများပြည်သူအကျိုးငှာ အလျင်အမြန် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ် အစည်းအဝေးခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

၁၅။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများသည် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း"တွင် ပါရှိသော ကိစ္စရပ်များအနက် မိမိတို့စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်း ခွင့်ရှိသည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်း ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒေသန္တရစီမံကိန်း၊ နှစ်စဉ်အရ၊ အသုံးခန့်မှန်းခြေငွေစာရင်း နှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်။

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များသည် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်း"တွင်ပါရှိသော ကိစ္စရပ်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ကသာ ဥပဒေကြမ်းတင်သွင်းရမည်ဟု ဤဖွဲ့စည်းပုံ အခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်း ထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေ ကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိ သည်။

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ရငွေ၊ သုံးငွေလျာထားချက်"ကို သတ်မှတ် ထားသည့် နည်းလမ်းများနှင့်အညီ တင်သွင်းလာလျှင် အဆုံး အဖြတ်ပေးရမည်။

၁၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အတည်ပြု သော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက် တစ်နေ့မှ ခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့ကအတည်ပြုသော ဥပဒေကြမ်းများကို လက်ခံ ရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ရက်အတွင်း လက်မှတ် ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ် ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထား သည့်ကာလအတွင်း ဥပဒေကြမ်းကို ဝန်ကြီးချုပ်က လက်မှတ် ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းမပြုလျှင် သတ်မှတ် ကာလပြည့်မြောက်သည့် နေ့ရက်တွင် ဥပဒေကြမ်းသည် ဝန်ကြီးချုပ် ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ် ရေးထိုးပြီးသော ဥပဒေများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော် ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက် မပါလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့်ကာလအတွင်း ဥပဒေကြမ်းကို ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းမပြုလျှင် သတ်မှတ်ကာလပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီး သကဲ့သို့ ဥပဒေဖြစ်လာရမည်။

စာမျက်နှာ ၆ မှ

၁၉။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဖြစ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော်အစည်းအဝေးများတွင် မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် မဟုတ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော် သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားလိုကြောင်း အကြောင်းကြားလျှင် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးရမည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာ တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တက်ရောက် ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(င) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်။

၂၁။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့တို့တွင် လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲ ပေးခွင့်ရှိသည်။ ထိုသို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်၊ လွှတ်တော်ကော်မတီနှင့် အဖွဲ့များတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်း တို့နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရန်ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့များတွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီနှင့် အဖွဲ့များတွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(ဂ) အထက်အပိုဒ်ခွဲ (က)နှင့် (ခ)တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

လွှတ်တော်များမှာ ဆန္ဒမဲပေးဆုံးဖြတ်ခြင်းနှင့်အတည်ပြုခြင်းများဟာ အရေးကြီးတဲ့ လုပ်ငန်းအပြင် ဒီမိုကရေစီစနစ်ရဲ့ အခြေခံဖြစ်

၂၂။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး တက်ရောက်နေသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသောအထောက်အထားကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသော ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးတက်ရောက်နေသည့် ယင်းကော်မတီ သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာကော်မတီ သို့မဟုတ် အဖွဲ့၏အကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ထိုလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။

၂၃။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော် မှတ်တမ်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ”

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားသွားခဲ့ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီရှင်းလင်းချက်နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်တဲ့ နိုင်ငံရေးပါတီ ခုနစ်ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့နှင့်စပ်လျဉ်းသည့် အဆိုပြုချက်များသည် သက်ဆိုင်ရာလွှတ်တော်များအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဦးတည်ထားသည့်အပြင် ဗဟိုအဆင့်လွှတ်တော်အဖွဲ့အစည်းများနှင့် အခြေခံဥပဒေနှင့်အညီ အချိတ်အဆက်မိမိ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စေရေးကို ရည်ရွယ်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် လျော်ကန်သင့်မြတ်မှုရှိကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်များအနေနဲ့–

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေး တက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း(၁၅)ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု ကြေညာနိုင်ကြောင်း ပါရှိပါသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် မိမိတို့နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှီတင်းနေထိုင်ကြသူများဖြစ်သည့်အလျောက် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် နှိုင်းယှဉ်ပါက ဆက်သွယ်သွားလာရေး လွယ်ကူသည်ဟု ဆိုနိုင်ပါသည်။ သို့ဖြစ်၍ ခွင့်ပြုချက်မရှိဘဲ အစည်းအဝေးတက်ရောက်ရန် တစ်ဆက်တည်း ပျက်ကွက်မှုကာလ (၁၅)ရက် သတ်မှတ်ခြင်းမှာ လျော်ကန်သင့်မြတ်ပါသည်။

သို့ရာတွင် ယင်းကဲ့သို့ ခွင့်မဲ့ပျက်ကွက်မှုကြောင့် သက်ဆိုင်ရာ ကိုယ်စားလှယ်နေရာများ လစ်လပ်ကြောင်း ကြေညာနိုင်ခြင်းနှင့် စပ်လျဉ်း၍မူ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များနည်းတူ ပျက်ကွက်ရခြင်းအကြောင်းရင်းများကို အသေအချာလေ့လာပြီး သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ ပယောဂကြောင့် ဖြစ်ပေါ်ခဲ့ရသည်ဟု သေချာသည့်အခါမှ ကိုယ်စားလှယ်နေရာ လစ်လပ်မှုကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ပြန်ဆောင်ရွက်သွားသင့်ပါသည်”ဟုလည်းကောင်း၊

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့် အပ်နှင်းနိုင်မှု၊ ယင်းထုတ်ပြန်ချက်များသည် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိပါကပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန် ဆောင်ရွက်နိုင်မှုတို့သည် ပြည့်စုံမှုရှိသည့်အပြင် ဗဟိုအဆင့်လွှတ်တော်များအပိုင်း၌ ပါရှိသည့် အချက်များနှင့်လိုက်လျောညီထွေရှိစေရန် ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် လျော်ကန်သင့်မြတ်ပါသည်။

သို့ရာတွင် သက်ဆိုင်ရာဥပဒေပါ အနှစ်သာရများနှင့် ကွဲလွဲမှုရှိသဖြင့် ပြင်ဆင်ခြင်း၊ သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍မူ ပြည်ထောင်စုလွှတ်တော်အပိုင်း၌ ဆွေးနွေးအကြံပြုခဲ့သည့်အတိုင်း ထိုကဲ့သို့ မှားယွင်းဆောင်ရွက်ခဲ့မှုများသည် သဘောရိုးဖြင့် မှားယွင်းခြင်း ဟုတ်၊ မဟုတ်နှင့် ယင်းသို့ မှားယွင်းမှုကြောင့် ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် နစ်နာဆုံးရှုံးမှုအနေအထားများကို လေ့လာစိစစ် ဆောင်ရွက်မှုများ ပြုလုပ်သင့်ပါသည်”ဟုလည်းကောင်း၊

တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူမည့် ကိစ္စရပ်များ၊ သဘောတူညီမှုရယူမည့်ကိစ္စရပ်များ၊ အတည်ပြုချက်ယူမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့အစည်းများ၏ မိမိတို့နှင့်သက်ဆိုင်ရာ ဥပဒေကြမ်းများတင်သွင်းခွင့်တို့နှင့်စပ်လျဉ်းသည့် အချက်အလက်များသည်လည်းကောင်း၊ ဥပဒေကြမ်းများ တင်သွင်းသည့် ကိစ္စရပ်များနှင့်လည်းကောင်း ပါရှိသည့်အချက်များသည် လျော်ကန်သင့်မြတ်ပါသည်။ သို့ရာတွင် ရငွေ၊ သုံးငွေ လျာထားချက်များနှင့် စပ်လျဉ်းပြီး–

> “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အစိုးရက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေ၊ သုံးငွေလျာထားချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်”

ဟု ပါရှိပါသည်။

ယင်းအချက်နှင့်စပ်လျဉ်း၍ အနည်းငယ်ဆွေးနွေးတင်ပြလိုပါသည်။ ဖော်ပြပါစကားရပ်များအရ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော် အနေနှင့် ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းများပြုလုပ်ရန်မလိုဘဲ အဆုံးအဖြတ်ပေးရမည့် သဘောမျိုး သက်ဝင်နေပါသည်။

ပြည်ထောင်စုလွှတ်တော်တွင် နှစ်စဉ်အရ၊ အသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများတင်သွင်းခွင့်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ပါရှိပါသည်။ နှစ်စဉ်အရ၊ အသုံးခန့်မှန်းခြေ ငွေစာရင်းသည် ပြည်ထောင်စုလွှတ်တော်အတွက် အရေးကြီးသကဲ့သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေ၊သုံးငွေ လျာထားချက်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက်လည်း များစွာ အရေးကြီးပါသည်။ အပြေအလည်ဆွေးနွေးမှုနှင့် ညှိနှိုင်းမှုများ ပြုလုပ်သွားသင့်ပါသည်။ သို့ဖြစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မှ ရငွေ၊ သုံးငွေ လျာထားချက်တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ “ဆွေးနွေး” ဟူသော စကားရပ်ကို ထပ်မံဖြည့်စွက်ပြီး အောက်ပါအတိုင်း ရေးသားသင့်သည်ဟု သဘောရရှိပါသည်။

> “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အစိုးရက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေ၊ သုံးငွေလျာထားချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ တင်သွင်းလာလျှင် ဆွေးနွေးအဆုံးအဖြတ်ပေးရမည်”ဟုလည်းကောင်း၊

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ဆောင်ရွက်ရမည့် လုပ်ငန်းများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် ဆက်သွယ်ဆောင်ရွက်ရမည့်လုပ်ငန်းများ အကျုံးဝင်ပါရှိပါသည်။ ဗဟိုအဆင့်၌ သမ္မတအနေဖြင့် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေကြမ်းများအား လက်မှတ်ရေးထိုးထုတ်ပြန်ရေးကို ဆောင်ရွက်ရာတွင် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ မိမိ၏ သဘောထားမှတ်ချက်ကို ပေးပို့ညှိနှိုင်းခွင့်ရှိပါသည်။

နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ အကြီးအကဲဖြစ်သကဲ့သို့ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည်လည်း သက်ဆိုင်ရာတိုင်း သို့မဟုတ် ပြည်နယ်၏ အကြီးအကဲအဖြစ် ယူဆနိုင်ပါသည်။ အကြီးအကဲများက လွှတ်တော်မှပေးပို့လာသော ဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့နိုင်သော်လည်း လွှတ်တော်ကသာ ပြင်ဆင်ချက် လို၊မလို ဆုံးဖြတ်နိုင်ပြီး မလိုအပ်ပါက မူရင်းအတိုင်း ပြဋ္ဌာန်းနိုင်ခွင့်ရှိပါသည်။ အကြီးအကဲများသည် အချိန်တိုအတွင်း တစ်စုံတစ်ရာ ထူးခြားဖြစ်ရပ်များပေါ်ပေါက်၍ ပြင်ဆင်ချက်ပြုလုပ်ရန်ဖြစ်လျှင် နိုင်ငံတော်အတွက်နှင့် ဒေသအတွက် အကျိုးဖြစ်ထွန်းဖွယ်ရာသာရှိသဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပေးပို့လာသည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်းပြီး မိမိတို့၏ဆန္ဒနှင့် သဘောထားများကို ပေးပို့ညှိနှိုင်းခွင့်ပြုသင့်သည်ဟု သဘောရရှိပါသည်”ဟု လည်းကောင်း၊

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်မှ အဖွဲ့

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ အကြီးအကဲဖြစ်သကဲ့သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည်လည်း သက်ဆိုင်ရာတိုင်း သို့မဟုတ် ပြည်နယ်၏ အကြီးအကဲအဖြစ် ယူဆနိုင်ပါသည်။ အကြီးအကဲများက လွှတ်တော်မှပေးပို့လာသော ဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့နိုင်သော်လည်း လွှတ်တော်ကသာ ပြင်ဆင်ချက် လို မလို ဆုံးဖြတ်နိုင်ပြီး မလိုအပ်ပါက မူရင်းအတိုင်း ပြဋ္ဌာန်းနိုင်ခွင့်ရှိ။

အနာဂတ်နိုင်ငံတော်အတွက် ကောင်းမွန်ပြည့်စုံတဲ့ အခြေခံမူများဖြစ်ကြောင်း ယုံကြည်မှုအပြည့်အဝဖြစ်

စာမျက်နှာ ၇ မှ

ဝင်များ လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်များပြုထားခြင်းမှာ လျော်ကန်သင့်မြတ်ပါသည်။ သို့ရာတွင် အဆိုပါအခွင့်အရေးများကိုကျင့်သုံးရာ၌ ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အပိုင်း၌ ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုချက်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်နှင့်စပ်လျဉ်း၍လည်း အောက်ပါအတိုင်းဖြည့်စွက်မှုများ ပြုလုပ်သင့်ပါသည်–

"အထက်ပါအပိုဒ်ခွဲ(က)နှင့် (ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ လုပ်ထုံးလုပ်နည်းများနှင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်"ဟုလည်းကောင်း အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်တဲ့ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

"အမျိုးသားညီလာခံလုပ်ငန်းကော်မတီက အလားတူ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များရဲ့ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများဟာ ရေပက်မဝင်နိုင်လောက်အောင် တင်ပြရှင်းလင်းသွားခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် အမျိုးသားညီလာခံကိုယ်စားလှယ်များအနေနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူ(၂၈)ချက်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥပဒေပြုခြင်းဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူ (၁၉)ချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူ(၂၃)ချက်တို့ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ်ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ မြို့(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့က–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရဲ့ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများနဲ့စပ်လျဉ်းလို့ ရှင်းလင်းပြောကြားခြင်းများကို လေ့လာသုံးသပ်တဲ့အခါမှာ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်တဲ့အချက် (၂၃)ချက်ကို တွေ့ရှိရပါတယ်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ စုစည်းတင်ပြထားတဲ့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရန် သင့်၊ မသင့် ရှင်းလင်းပြောကြားခဲ့တဲ့အချက်(၂၃)ချက်ဟာ သင့်တော်ဆီလျော်မှုများရှိတဲ့အတွက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်ရန် သင့်တော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"အမျိုးသားညီလာခံ၌ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းအပိုင်းများအတွက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးရဲ့ ရှင်းလင်းပြောကြားချက်များဟာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှ ယခင်ကျင့်သုံးလုပ်ဆောင်ခဲ့သော လုပ်ငန်းများနဲ့ပတ်သက်ပြီး ဆက်စပ်ဆက်နွယ်မှုရှိတဲ့ ဥပဒေအကြောင်းအရာ အချက်အလက်များကို ထုတ်နုတ်ရှင်းလင်းတင်ပြခြင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတို့ရဲ့ ယင်းတို့ကျင့်သုံးလုပ်ဆောင်ခဲ့သော လုပ်ငန်းများနဲ့ ဆက်စပ်ဆက်နွယ်မှုရှိတဲ့ အချက်အလက်များကို ထုတ်နုတ်ပြီး ရေးသားဖော်ပြခြင်းကြောင့် ပြည်ထောင်စုလွှတ်တော်နဲ့စပ်လျဉ်းပြီး အသေးစိတ်မူအဖြစ် ချမှတ်ထားတဲ့မူ အမှတ်စဉ်(၁)မှ(၂၈)အထိ အချက်အလက်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့နဲ့စပ်လျဉ်းပြီး အသေးစိတ်အခြေခံမူအဖြစ် ချမှတ်ထားတဲ့မူ အမှတ်စဉ်(၁)မှ(၁၉)အထိ အချက်အလက်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့နဲ့စပ်လျဉ်းပြီး အသေးစိတ်အခြေခံမူအဖြစ် ချမှတ်ထားတဲ့မူ အမှတ်စဉ်(၁)မှ(၂၃)အထိ အချက်အလက်များကို အသေးစိတ်အခြေခံမူအဖြစ် ချမှတ်ထားသင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ကရင်အမျိုးသားအဖွဲ့ချုပ်က–

"ယင်းဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများ အသီးသီးတို့နဲ့စပ်လျဉ်းလို့ အသေးစိတ် အခြေခံရမယ့်မူများကို အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက စိတ်ရှည်လက်ရှည်၊ အသေးစိတ် အကျယ်တဝင့် ပြည့်ပြည့်စုံစုံပြီးပြည့်စုံစွာ ရှင်းလင်းပြောကြားချက်များအပေါ် ထပ်မံဖြည့်စွက်အကြံပြု ဆွေးနွေးရန်မရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ဒါ့ကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော် ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းအတွက် အသေးစိတ်အခြေခံရမည့်မူ(၂၈)ချက်၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမယ့် မူ(၁၉)ချက်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမယ့်မူ(၂၃)ချက်တို့ကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ်ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီက–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်များပါ လွှတ်တော်များရဲ့ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများနှင့် ဆက်သွယ်မှုဆိုင်ရာ လုပ်ငန်းများအပိုင်းပါ အသေးစိတ်အခြေခံရမည့်မူများဟာ ကျစ်လျစ်ခိုင်မာပြီး လွှတ်တော်များအချင်းအချင်း (လွှတ်တော်တစ်ရပ်နှင့် တစ်ရပ်အကြား) လုပ်ငန်းများ စနစ်တကျဆက်သွယ်ထားရှိတဲ့အတွက် ယနေ့မျက်မှောက် နိုင်ငံတကာရေးရာများ၊ ဒေသတွင်းနိုင်ငံရေး၊ လူမှုရေးအခြေအနေများ၊ လက်ရှိဖြစ်ပေါ်နေသည့် ပြည်တွင်း အခြေအနေများနှင့် သဟဇာတဖြစ်ပြီး ပြည့်စုံခိုင်မာမှုရှိကြောင်း သုံးသပ်ရရှိတဲ့အတွက် ဖြည့်စွက်အကြံပြုရန် မရှိပါကြောင်း ပြောကြားလိုပါတယ်။

သို့ပါ၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်များပါ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များရဲ့ လွှတ်တော်လုပ်ငန်းတာဝန်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စောင့်ထိန်းရမည့်စည်းမျဉ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များအား အရေးယူခြင်းဆိုင်ရာ အကြောင်းအရာများသည် ကြောင်းကျိုးဆီလျော်မှုရှိကြောင်း သဘောထားရရှိသဖြင့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မယ့်တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်လွှတ်တော် ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနဲ့ စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသည့် အချက် (၂၃)ချက်ကို အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း လေးစောင်အနက်–

–တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်

–မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီ ကိုယ်စားလှယ်အစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ်မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းပြောကြားချက်များဟာ ပြီးပြည့်စုံပြီးဖြစ်တဲ့အတွက် ဖြည့်စွက်အကြံပြုတင်ပြရန် မရှိပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မယ့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါအတိုင်း ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်တဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မယ့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနဲ့စပ်လျဉ်းလို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားတဲ့ အချက်(၂၃)ချက်ကို အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"လွှတ်တော်အသီးသီးရဲ့ အသေးစိတ်ချမှတ်သင့်တဲ့ အခြေခံမူထဲမှာ "အခွင့်အရေးမရှိသူတစ်ဦးက လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်း၊ ဆန္ဒမဲပေးခဲ့ခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်း တစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ" ဆိုတဲ့အချက်လည်း ပါဝင်နေပါတယ်။

ဒီအသေးစိတ်အခြေခံမူဟာ လူပုဂ္ဂိုလ်တစ်ဦးဦး၏ ဆောင်ရွက်မှုကြောင့် လွှတ်တော်ရဲ့လုပ်ငန်းများ အတည်ပြုချက်၊ ဆုံးဖြတ်ချက်များ မပျက်ပြယ်စေလိုတဲ့ သဘောဖြစ်တယ်လို့ ထင်မြင်ပါတယ်။

လွှတ်တော်များမှာ ဆန္ဒမဲပေးဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်းများဟာ အင်မတန်မှ အရေးကြီးတဲ့ လုပ်ငန်းများဖြစ်ပါတယ်၊ ဒီမိုကရေစီစနစ်ရဲ့ အခြေခံတစ်ရပ်လည်းဖြစ်ပါတယ်။ ဒါကြောင့် အခွင့်အရေးမရှိသူတစ်ဦးရဲ့ ဆန္ဒမဲဟာ ဒီဆုံးဖြတ်ချက်၊ အတည်ပြုချက်အပေါ်မှာ အကျိုးသက်ရောက်မှုမရှိခဲ့ရင်တော့ အကြောင်းမဟုတ်ပေမယ့် တကယ်လို့များ သူ့ရဲ့ဆန္ဒမဲကြောင့် ဆုံးဖြတ်ချက်၊ အတည်ပြုချက် တစ်ခုခုဟာ အတည်ဖြစ်ခဲ့ရင် သို့မဟုတ် ပျက်ပြယ်ခဲ့ရင် ဒါဟာ စဉ်းစားစရာ ဖြစ်လာပါတယ်။ တစ်နည်းအားဖြင့် သူ့ရဲ့ဆန္ဒမဲဟာ အဆုံးအဖြတ်မဲ (Decisive Vote) ဖြစ်ခဲ့ရင် ဖြစ်ပါတယ်။ ဥပမာ နှစ်ဖက်ဆန္ဒမဲ မတူညီဘဲရှိချိန်မှာ သူ့ရဲ့ဆန္ဒမဲကြောင့် မဲအရေအတွက် တူညီသွားတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌပါဝင် ဆန္ဒမဲပေးရတာမျိုး၊ ကိုယ်စားလှယ်ဦးရေထက်ဝက် သို့မဟုတ် (၃)ပုံ (၂)ပုံမရှိဘဲ သူတက်ရောက်ခဲ့တဲ့အတွက် ထက်ဝက်ကျော် သို့မဟုတ် (၃)ပုံ (၂)ပုံ ပြည့်သွားတာမျိုး ဖြစ်ပါတယ်။ ဒါကြောင့် အထက်ပါကိစ္စမျိုးမဖြစ်ရအောင် ကိုယ်စားလှယ်စိစစ်ရေးကိစ္စကို စနစ်တကျ သေချာစွာ စိစစ်ပြီး ဆောင်ရွက်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့က–

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်းမှာ ပါဝင်မယ့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရဲ့ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများနဲ့ စပ်လျဉ်းလို့ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးသည် မိမိတက်ရောက်နေသော အစည်းအဝေး တစ်ခုခုတွင် ထောက်ခံသည့်ဘက်ကိုဖြစ်စေ၊ ကန့်ကွက်သည့်ဘက်ကိုဖြစ်စေ ဆန္ဒမဲမပေးဘဲ နေပိုင်ခွင့်ရှိပါသည်။ ဤသည်မှာ ကမ္ဘာ့နိုင်ငံများ၏ လွှတ်တော်အစည်းအဝေးများ၊ ကမ္ဘာ့ကုလသမဂ္ဂအစည်းအဝေးများတွင်လည်း ကျင့်သုံးနေသော အစဉ်အလာတစ်ခုဖြစ်ပါသည်။

"လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာတွင် အခြားနည်းပြဋ္ဌာန်းထားချက်မရှိလျှင် အစည်းအဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်"ဟူသော အခြေခံမူတစ်ရပ်ချမှတ်သင့်ကြောင်းကိုလည်း ထောက်ခံတင်ပြပြီးဖြစ်ပါသည်။

၎င်းအပြင် အထက်ပါလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက် ပြည် ထောင်စုလွှတ်တော် အမှတ်စဉ် ၈(က)၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အမှတ်စဉ် ၇(က)(၁)၊ ၇(ခ)(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အမှတ်စဉ် ၈(က)တွင်**"လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဆန္ဒမဲမပေးဘဲ ကြားနေ နေလိုပါက နေပိုင်ခွင့်ရှိသည်"**ဟု ဖြည့်စွက်သင့်ပါကြောင်း" တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် အစုအဖွဲ့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့က–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားခဲ့တဲ့ အချက်အလက်များဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် လွှတ်တော်များရဲ့ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများ၊ တစ်နည်းအားဖြင့် ဆက်သွယ်မှုဆိုင်ရာလုပ်ငန်းများအပိုင်းမှာ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်ရန် ကောင်းမွန်သင့်လျော်ကြောင်း လေ့လာတွေ့ရှိရတာမို့ ထောက်ခံအပ်ပါကြောင်းနှင့် သီးခြားအကြံပြုချက်များ ထပ်မံဖြည့်စွက်တင်ပြရန် မရှိပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များရဲ့ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းအပိုင်း နှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမယ့်မူများချမှတ်နိုင်ရေးအတွက် လေ့လာတွေ့ရှိ သုံးသပ်တင်ပြချက်များဟာ မိမိတို့နိုင်ငံ၊ မိမိတို့နိုင်ငံသားများ ယခုတွေ့ကြုံနေရတဲ့ ခေတ်ကာလ အခြေအနေ အရပ်ရပ်ပေါ်မူတည်ပြီး မိမိတို့နိုင်ငံနဲ့ လျော်ကန်သင့်မြတ်ဆုံးဖြစ်တာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

ဒါ့ကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ လေ့လာတွေ့ရှိသုံးသပ်ချက်များအရ စုစည်းတင်ပြထားတဲ့အချက်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များရဲ့ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းအပိုင်းနှင့်စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များရဲ့ လွှတ်တော်လုပ်ငန်းတာဝန်များ၊ လွှတ်တော်ကိုယ်စားလှယ်များ စောင့်ထိန်းရမည့် စည်းမျဉ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များအား အရေးယူခြင်းဆိုင်ရာ အကြောင်းအရာများသည် ကြောင်းကျိုးဆီလျော်မှုရှိ။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့က–

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ဖော်ပြထားသော အချက်(၂၃)ချက်အား အကြံပြုချက်၊ ပြင်ဆင်ချက်၊ သုံးသပ်ချက်များနှင့်အတူ ထောက်ခံတင်ပြအပ်ပါတယ်"

လို့ ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"အသေးစိတ်အခြေခံရမည့်မူများအဖြစ် ဆက်လက်ချပြရှင်းလင်းထားတဲ့ အပိုဒ် ၈ မှာ လွှတ်တော်အစည်းအဝေးအတွင်း မဲခွဲဆုံးဖြတ်ရန်ရှိက တက်ရောက်သော ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရခြင်း၊ လွှတ်တော်ဥက္ကဋ္ဌတာဝန်ထမ်းဆောင်သူက ဆန္ဒမဲ မပေးစေဘဲ နှစ်ဖက်ဆန္ဒမဲပေးမှု တူညီနေမှသာ ဆုံးဖြတ်ချက်တစ်ခုရရန် အဆုံးအဖြတ်မဲအဖြစ် ပေးစေခြင်းများပါရှိပါတယ်။ မူလရှင်းလင်းပြမှုမှာ ပါရှိစဉ်က ဥက္ကဋ္ဌကပေးရမည့်မဲကို "အနိုင်မဲ"လို့ ဖော်ပြခဲ့ပါတယ်။ "အနိုင်မဲ"ဆိုသည့်စကားရပ်သည့် အဓိပ္ပာယ်အားဖြင့် မှန်ကန်သော်လည်း အသုံးအနှုန်းအားဖြင့် တစ်ဖက်ကို အနိုင်ပေး၊ တစ်ဖက်ကို အရှုံးပေးရာ ရောက်သွားနိုင်တဲ့အတွက် ကျွန်တော်တို့အစုအဖွဲ့အနေနဲ့ကတော့"အနိုင်မဲ" ဆိုတဲ့စကားရပ်အစား "အဆုံးအဖြတ်မဲ"ဆိုတာက ပိုမိုသင့်လျော်မည်ဖြစ်ကြောင်း သုံးသပ်ရရှိပါသဖြင့် "အဆုံးအဖြတ်မဲ" ဆိုတဲ့ စကားရပ်နဲ့ အစားထိုး ဖော်ပြစေလိုပါတယ်။ ဤသို့ဖော်ပြခြင်းဖြင့် အဓိပ္ပာယ်ပိုမိုခံ့ညားပေါ်လွင်ပြီး နာယကများ၊ ဥက္ကဋ္ဌများရဲ့ ဂုဏ်သိက္ခာ၊ သမာဓိမြင့်မားမှုကို ပိုမိုလေးနက်စေမှာ ဖြစ်ပါတယ်"ဟု လည်းကောင်း၊

"အသေးစိတ်အခြေခံရမည့်မူများထဲက အပိုဒ် ၉ မှာ လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ခွင့်ပြုချက်မရဘဲ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အနည်းဆုံး ၁၅ ရက် ဆက်တိုက်ခွင့်မဲ့ပျက်ကွက်လျှင် ယင်းကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်းကြေညာခြင်း၊ ၁၅ ရက်ရေတွက်ရာမှာ အစည်းအဝေးရွှေ့ဆိုင်းရက် ပါဝင်ရေတွက်မှုမပြုရေးတို့ပါရှိပြီး အပိုဒ် ၁၀ မှာတော့ အထက်ဖော်ပြပါအချက်နှင့်ဆက်စပ်လို့ ကိုယ်စားလှယ်အချို့ အကြောင်းအမျိုးမျိုးဖြင့် လစ်လပ်နေလျှင်ဖြစ်စေ၊ အခွင့်အရေးမရှိသူတစ်ဦးက ပါဝင်တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းတွေ ရှိလာရလျှင်ဖြစ်စေ လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များ ပျက်ပြယ်မှုမရှိစေရေးများ ပါရှိပါတယ်။ အပိုဒ် ၁၀ မှာပါရှိတဲ့အချက်နဲ့ ပတ်သက်လို့ အကြံပြုလိုသည်မှာ နောင်တွင် စစ်ဆေးတွေ့ရှိနိုင်မည့် "အခွင့်အရေးမရှိသူတစ်ဦး" ဆိုသည့်အစား တစ်ဦးလည်းဖြစ်နိုင်သလို တစ်ဦးထက်များသည့် အဖွဲ့လည်းဖြစ်နိုင်သဖြင့် "တစ်ဦးဦးကဖြစ်စေ၊ တစ်ဦးထက်ပိုသူများကဖြစ်စေ"ဟူသော စကားရပ်ဖြင့် ဖော်ပြလျှင် ပိုမိုပြည့်စုံနိုင်မည် ဖြစ်ပါကြောင်း"ဟု လည်းကောင်း

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က–

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မယ့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရဲ့ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသွားတဲ့ အချက်(၂၃)ချက်ကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့က–

"အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ကိုယ်စားလှယ်များက လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်မှာပါဝင်တဲ့ အချက်(၂၃)ချက်ကို လေ့လာသုံးသပ်ခဲ့ကြပါတယ်"

"အနာဂတ်နိုင်ငံတော်အတွက် ကောင်းမွန်ပြည့်စုံတဲ့ အခြေခံမူများဖြစ်ကြောင်းကိုလည်း ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှာပါဝင်တဲ့ ကိုယ်စားလှယ်အားလုံးက ယုံကြည်မှု အပြည့်အဝရှိပါကြောင်းနှင့် ထောက်ခံပါကြောင်း တင်ပြလိုပါတယ်"

လို့ ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ပါဝင်မယ့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမယ့်မူများနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ နိုင်ငံရေးပါတီများနဲ့ ညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့အချို့မှ ညီလာခံကိုယ်စားလှယ်များက တင်သွင်းလာတဲ့ အကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ရဲ့ တွေ့ရှိချက်များကို ကောက်နုတ်စုစည်းတင်ပြလို့ ပြီးပါပြီ။

ဒီအကြံပြုချက်စာတမ်းတွေကို လေ့လာကြည့်ရင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်များအတိုင်း အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း ကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ကိုယ်စားလှယ်အများအပြားက ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။ အချို့ကိုယ်စားလှယ်များကလည်း ထောက်ခံဆွေးနွေးသွားသည့်အပြင် သီးခြားအကြံပြုချက်များအနေနဲ့ အကြံပြုတင်ပြသွားကြတာ တွေ့ရှိရပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း အောင်သောင်းကုမ္ပဏီမှ ဦးမောင်သောင်း–ဒေါ်ကြည်ဝင်းတို့က အုတ်ဖိုမြို့နယ်အတွက် လှူဒါန်းသည့် ကျပ်သိန်း ၄၀၀ တန်ဖိုးရှိ မီးသတ်မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

ဆက်လက်ထွက်ခွာလာပြီး ရန်ကုန်–ပြည် ကားလမ်းမကြီး၌ လမ်းဘေးဝဲယာ တစ်လျှောက်ရှိ ဒေသခံပြည်သူများ စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုးစပါးစိုက်ခင်းများကိုလည်းကောင်း၊ အရိပ်ရပင်နှင့် လေကာပင်များ ရှင်သန်ဖြစ်ထွန်းမှုကို လည်းကောင်း၊ ရန်ကုန်–ပြည် ကားလမ်းအခြေအနေများကိုလည်းကောင်း၊ ကားလမ်းတစ်လျှောက် သန့်ရှင်းသာယာမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် သာယာဝတီခရိုင် အုတ်ဖိုမြို့သို့ ရောက်ရှိကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံ ပြည်သူများအား တွေ့ဆုံကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အုတ်ဖိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးက မြို့နယ်၏ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားရာ၌ အုတ်ဖိုမြို့နယ်၌ မိုးစပါး၊ နွေစပါးများ တစ်နှစ်ထက် တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ပဲခူးတိုင်းအနေဖြင့် စိုက်ဧကသိန်း ၃၀ စိုက်ပျိုးရန် နိုင်ငံတော်က သတ်မှတ်ပေးမှုအပေါ် ယခုနှစ် မိုးရာသီတွင် စိုက်ဧက သိန်း၃၀ ပြည့်မီကျော်လွန်သွားပြီဖြစ်၍ ဝမ်းမြောက်ဖွယ်ရာ ဖြစ်ကြောင်း၊ ယခုကဲ့သို့ စိုက်ပျိုးရေးကဏ္ဍ တိုးတက် အောင်မြင်မှုရရှိခြင်းသည် ပဲခူးတိုင်းအတွင်းရှိ မြို့နယ်များအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြခြင်းကြောင့်ပင် ဖြစ်ကြောင်း။

ကြိုးပမ်းစိုက်ပျိုး

ပဲခူးတိုင်းသည် နိုင်ငံတော်တွင် မိုးစပါးစိုက်ပျိုးမှု၌ ဒုတိယအများဆုံး ဖြစ်ပြီး နွေစပါးစိုက်ပျိုးမှုတွင် တတိယ အများဆုံးဖြစ်ကြောင်း၊ နွေစပါးစိုက်ပျိုးရာ၌ ယခုနှစ် ပဲခူးတိုင်းတွင် ဧကတစ်သိန်း တိုးပြီး လေးသိန်းစိုက်ပျိုးနိုင်အောင် မြို့နယ်အသီးသီးက တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းစိုက်ပျိုးကြစေလိုကြောင်း။

နိုင်ငံတော်အနေဖြင့် နောင်တိုးပွားလာမည့် လူဦးရေကိုမျှော်မှန်းပြီး စပါးတင်းသန်း ၁၅၀၀ အထိ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်နေသည့်နည်းတူ ပဲခူးတိုင်းအနေဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကလည်း နိုင်ငံတော်၏စိုက်ပျိုးရေး ရည်မှန်းချက် အောင်မြင်ရေးအတွက် လက်တွဲညီညီ ပါဝင်ကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ကူညီပံ့ပိုး

ထို့အပြင် အဓိကသီးနှံ ၁၀ မျိုးကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရေးကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအပြင် အခြားဌာနများရှိ ဝန်ထမ်းများကလည်း အောက်ခြေအထိဆင်းပြီး ဒေသခံတောင်သူလယ်သမားများအား တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးဖြည့်ဆည်းပေးကြရေးကို အထူးမှာကြားလိုကြောင်း။

နိုင်ငံတော်အတွက် အထူးလိုအပ်နေသော ဒီဇယ်အစားထိုး ဘိုင်အိုဒီဇယ် ထုတ်လုပ်အသုံးပြုနိုင်သည့်ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေးကို ရည်မှန်းထားသည့်အတိုင်း သုံးနှစ်အတွင်း ဧကငါးသိန်းပြည့်မီအောင် စိုက်ပျိုးနိုင်ရေးကိုလည်း အုတ်ဖိုမြို့နယ်အနေဖြင့် အင်တိုက်အားတိုက်ပါဝင်ပြီး အောင်မြင်အောင် အလေးထားဆောင်ရွက်ရမည် ဖြစ်ကြောင်း။

ကွင်းဆင်းဆောင်ရွက်

မိမိမြို့နယ်၏ လုံခြုံရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးရေးတို့ကို ဒေသခံပြည်သူများနှင့်အတူ လက်တွဲပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ခြေအထိ ကွင်းဆင်းပြီး ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြရေးတို့ကို မှာကြားလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အလှူရှင် အောင်သောင်းကုမ္ပဏီမှ ဦးမောင်သောင်း–ဒေါ်ကြည်ဝင်းတို့က အုတ်ဖိုမြို့နယ်အတွက် လှူဒါန်းသော ငွေကျပ် သိန်း ၄၀၀ တန်ဖိုးရှိ မီးသတ်မော်တော်ယာဉ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းထံ ပေးအပ်လှူဒါန်းကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အောင်သောင်းကုမ္ပဏီက လှူဒါန်းထားသည့် ရေဂါလန် ၁၀၀၀ ဆံ့ Fuso မီးသတ်မော်တော်ယာဉ်နှင့် ရေဂါလန် ၁၂၀၀ ဆံ့ Isuzu မီးသတ်မော်တော်ယာဉ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန်–ပြည်လမ်းမကြီး၏ ထိန်းသိမ်းပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

စံပြစိုက်ကွက်ကြည့်ရှု

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အုတ်ဖိုမြို့နယ် ပန်းတင်ကျေးရွာအုပ်စုရှိ မိုးစပါးစံပြကွက် ဧက ၅၀၀ သို့ ရောက်ရှိကြပြီး ဒေသခံတောင်သူများဖြစ်ကြသော ဦးဝင်းဦးနှင့် ဦးထွေးတို့၏ ဆင်းသွယ်လတ် စံပြစိုက်ကွက်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဒေသခံတောင်သူများအား တွေ့ဆုံ၍ ဆင်းသွယ်လတ်နှင့် မနောသုခစပါးတို့၏ အားသာချက်၊ အားနည်းချက်များကို မေးမြန်းပြီး မြေဩဇာ အနည်းငယ်သာ အသုံးပြု၍ အထွက်ကောင်းပြီး ဈေးကောင်းရမည့် တွက်ခြေကိုက်သည့် စပါးမျိုးများကိုသာ ရွေးချယ်စိုက်ပျိုးကြရန်နှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးကြရန် မှာကြားကာ စိုက်ခင်းများအတွင်း ဒေသခံတောင်သူများ၏ ဇီဝစူပါအားဆေး ပက်ဖျန်းနေမှုကို ကြည့်ရှုအားပေးသည်။

စိုက်ပျိုးပြီး

ယခုနှစ် ပဲခူးတိုင်း၏ မိုးစပါးစိုက်ပျိုးမှုတွင် ဆင်းသွယ်လတ် မျိုးစပါးကို ပဲခူးတိုင်း(အရှေ့ပိုင်း)၌ ဧက ၃၃၀၀၀၀ နှင့် ပဲခူးတိုင်း(အနောက်ပိုင်း)၌ ဧက နှစ်သိန်းအပါအဝင် စုစုပေါင်း ဧက ၅၃၀၀၀၀ ကို စိုက်ပျိုးပြီးစီးကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အင်းမတပ်နယ်သို့ရောက်ရှိကြပြီး တပ်နယ်ခန်းမ၌ တပ်မတော်သားများနှင့် မိသားစုဝင်များအားတွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပြည်သူများနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး၊ မိသားစုသက်သာချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်မှသည် တစ်အုပ်တစ်မအထိ တိုးချဲ့ဆောင်ရွက်ကြရေး၊ ဇီဝလောင်စာဆီ အလွယ်တကူထုတ်ယူသုံးစွဲနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို ယခု စိုက်ပျိုးထားသည်ထက် မြေလွတ်မြေလပ်မကျန် တိုးချဲ့ကြိုးပမ်းစိုက်ပျိုးကြရန် မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြက်ဆူပင်စိုက်ခင်းကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြည်လေယာဉ်ကွင်းအတွင်း၌ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က စိုက်ပျိုးထားသည့် ၃ ဒသမ ၆၅ ဧကရှိ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြရာ ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးက ရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်း (အနောက်ပိုင်း) ရဲတပ်ဖွဲ့က တိုက်ရိုက်မျိုးစေ့ချနည်းဖြင့် စိုက်ပျိုးထားသည့် ရှစ်ဧကရှိ ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးရာ တွဲဖက်တိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးဆွေဝင်းက ရှင်းလင်းပြသသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စိုက်ခင်းအတွင်း ရဲတပ်ဖွဲ့ဝင်များ၏ စုပေါင်း၍ ပေါင်းမြက်ရှင်းခြင်းနှင့် မြေတောင်မြှောက်ပေးမှုလုပ်ငန်းများကို ကြည့်ရှုအားပေးကာ စိုက်ခင်းထွက် ခြံစည်းရိုးကြက်ဆူမျိုးစေ့များကို ကြည့်ရှုစစ်ဆေးသည်။

ပြည်လေယာဉ်ကွင်း ပတ်လည်ရှိ ဌာနပေါင်းစုံဧက ၁၀၀ စိုက်ခင်းတွင် ခြံစည်းရိုး ကြက်ဆူပင်များကို အပြည့်အဝ စိုက်ပျိုးထားရှိပြီး ပဲခူးတိုင်း (အနောက်ပိုင်း) အနေဖြင့် ယခုအချိန်အထိ ဧက သုံးသောင်းကျော် စိုက်ပျိုးထားပြီးဖြစ်သည်။

အပြီးစိုက်ပျိုးသွားမည်

ပဲခူးတိုင်း (အနောက်ပိုင်း) အနေဖြင့် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင် ဧက နှစ်သိန်း စိုက်ပျိုးရန် စီမံလျာထားချက်ရှိရာ အဆိုပါလျာထားချက်အတိုင်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် ခြံစည်းရိုးကြက်ဆူပျိုးပင်များကို အပြည့်အဝ ပျိုးထောင်ထားရှိကြောင်းနှင့် ၂၀၀၇ ခုနှစ်အတွင်း အပြီးစိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြည်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး မြန်မာ့ရုပ်ရှင်နေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူးကျင်းပသော မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲကို အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှတာဝန်ရှိသူများ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ တာဝန်ရှိသူများနှင့် ရုပ်ရှင်အနုပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ(၂) ဦးမြင့်သိန်းဖေက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ဇာတ်လမ်းဇာတ်ညွှန်းအဖွဲ့ ဥက္ကဋ္ဌ ဦးငြိမ်းမင်းနှင့် သဘာပတိ ဦးဖိုးသောကြာတို့က အသီးသီး အမှာစကားများ ပြောကြားကြပြီး ဒေါ်မြင့်မြင့်ခိုင်၊ ထွန်းထွန်းနှင့် ဦးအောင်စိုးဦး၊ သင်ဇာဝင့်ကျော်၊ ဒေါ်ခင်လေးသိမ့်နှင့် ဦးချစ်သန်းမြင့်တို့က မြန်မာ့ပထမဆုံး ရုပ်ရှင်ကား **"မေတ္တာနှင့်သူရာ"** ဇာတ်ကားအကြောင်းကို ဂုဏ်ပြု၍ စာတမ်းများ ဖတ်ကြားကြပြီး တက်ရောက်သူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၅–၁၀–၂၀၀၆ရက်

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၁၅ ၆။ အတီးပြိုင်ပွဲ
- ၈:၃၀ ၇။ International News
- ၈:၄၅ ၈။ Say it in English

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၅ ၄။ Yan Can Cook
- ၁၁:၅၀ ၅။ မြန်မာ့ရုပ်ရှင် **"ချစ်သူဝိုင်းဝိုင်းလည်"** ညွန့်ဝင်း၊ မောင်သန်းဝင်း၊ ဝါဝါဝင်းရွှေ (ဒါရိုက်တာ–ဝါဝါဝင်းရွှေ)
- ၁၄:၂၀ ၆။ အကပြိုင်ပွဲ
- ၁၄:၃၀ ၇။ **"အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ"** စိုးသူ၊ နန်းကလျာလှိုင် (ဒါရိုက်တာ–စောစန္ဒာလှိုင်)
- ၁၄:၄၅ ၈။ International News

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၁၅ ၆။ သီးနှံစိုက်ပျိုး အထွက်တိုး (စပါးပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ ထွက်ရှိရန် ဆောင်ရွက်ရမည့် နည်းပညာများ)
- ၁၇:၂၅ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၀။ သိရိဂေဟာ
- ၁၉:၀၀ ၁၁။ Discovery
- ၁၉:၁၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟောမန်ဆောင်းရဲ့ နေ့ရက်များ"** (အပိုင်း–၁၆)
- ၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာပန်းတိုင်"** (အပိုင်း–၂၈)

ရိက္ခာဝမ်းစာဖူလုံဖို့ စိုက်ပျိုးရေးတွင်ရင်းနှီးစို့

“ဖိုးလသော်တာ၊ ကြယ်အများနဲ့
အရှေ့ဖျားက ထွက်လို့လာ။
ရွှေ့ကာရွှေ့ကာ၊ သူလျှောက်သွားတော့
ဝါးရုံပင်နား ရောက်လို့လာ။
ဝါးရွက်ညိုညို၊ ကြိုအကြားက
မျက်နှာထားကြီး ပြုံးလို့သာ။
ထမင်းဖြူဖြူ၊ ဆီကိုဆမ်းလို့
ရွှေလင်ဗန်းနဲ့ ပေးခဲ့ပါ။
ပေးပါပေးပါ။”

(နှယဉ်)

မြန်မာတိုင်းရင်းသားတို့၏ သားချော့တေးမှာပင် စားနပ်ရိက္ခာ၏ အငွေ့အသက်က ပါဝင်နေပေသည်။ “ရွှေလမှာ ယုံဝပ်လို့ဆန်ဖွတ်သည့် အဖိုးအို”သားချော့တေးမှာလည်း စားနပ်ရိက္ခာက ပါနေပါသည်။

စားနပ်ရိက္ခာသည် လူသားတို့အတွက် မရှိမဖြစ် အရေးပါသော အရာဖြစ်သကဲ့သို့ လူ့ဘဝ ဖြစ်ပေါ်တည်ရှိနေနိုင်ရေးအတွက် အခြေခံ ဖြစ်သည်။ ဘဝရပ်တည်မှုအတွက် လူတိုင်းလူတိုင်း အစာအာဟာရကို မှီဝဲရသည်။ ခွန်အားဗလနှင့်ပြည်စုံ၍ ကိုယ်ခန္ဓာတည်ဆောက်မှု ခိုင်မာ ပြည့်စုံစေရန် လူတိုင်းတွင် ကာဗိုဟိုက်ဒြိတ်၊ အဆီဓာတ်၊ ပရိုတိန်းဓာတ်၊သတ္တုဓာတ်နှင့် ဗီတာမင်ဓာတ်များပြည့်ဝနေဖို့ လိုအပ်ပါသည်။ ယင်းအာဟာရဓာတ်များ အားလုံးကို စားနပ်ရိက္ခာမှပင် ရရှိပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ ပထမအကြိမ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားကို ၁၉၈၁ခုနှစ်၊အောက်တိုဘာလ ၁၆ ရက်နေ့တွင် **“ရိက္ခာပြည့်ဖြိုး၊ လူ့အကျိုး”** ဟူသော ဆောင်ပုဒ်ဖြင့် ကျင်းပခဲ့သည်။ ဆက်လက်၍ နှစ်စဉ် အောက်တိုဘာ ၁၆ ရက်နေ့တိုင်းတွင် **“ရိက္ခာပထမထုတ်လုပ်ကြ”**၊ **“ရိက္ခာတိုးအောင် တို့စွမ်းဆောင်”**၊ **“ဝန်းကျင်ပြည့်ဖြိုး ရိက္ခာတိုး”**၊ **“ဘက်စုံဖွံ့ဖြိုးအထွက်တိုး”**၊ **“စိုက်ပျိုးမွေးမြူ တို့တောင်သူ”**စသည့် ဆောင်ပုဒ်များဖြင့် စားနပ်ရိက္ခာနေ့ အခမ်းအနားများကို အနှစ်သာရ ပြည့်ဝစွာ ကျင်းပခဲ့ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီး၌ စားနပ်ရိက္ခာ ပြဿနာများ ဖြစ်ပေါ်နေချိန်တွင် မြန်မာနိုင်ငံသည် စားနပ်ရိက္ခာများကို ပြည်ပသို့ပင် တင်ပို့နိုင်ခဲ့သည်။ စားနပ်ရိက္ခာ အခက်အခဲရှိသော အချို့နိုင်ငံများအား တတ်နိုင်သမျှ ကူညီထောက်ပံ့ခဲ့ခြင်းဖြင့် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး (F.A.O) ၏ ရည်ရွယ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

ကမ္ဘာ့လူသားများ ငတ်မွတ်ခြင်းဘေး၊ အစာအာဟာရချို့တဲ့ခြင်းဘေး၊ လူမှုဆင်းရဲ ဒုက္ခရောက်ရခြင်းဘေးတို့မှ ကင်းဝေးစေပြီး ကမ္ဘာ့လူသားအားလုံးက စားနပ်ရိက္ခာဖူလုံစေရန်အတွက် စိုက်ပျိုးသီးနှံများကို တစ်နှစ်ထက်တစ်နှစ် အထွက်တိုးအောင် ကြိုးပမ်းစိုက်ပျိုးကြရန် လိုအပ်ပါသည်။ ထို့ပြင် သားငါးတိရစ္ဆာန် မွေးမြူမှုကိုလည်း စနစ်တကျ ယှဉ်တွဲဆောင်ရွက်ရမည် ဖြစ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ၏ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (F.A.O)ကို အတ္တလန္တိတ်စာချုပ်တွင် ဖော်ပြထားသည့် ကမ္ဘာတစ်လွှားရှိ လူသားတစ်ရပ်လုံး မတောင့်မတမကြောင့်မကြဖြင့် ငြိမ်းချမ်းစွာနေထိုင်စားသောက်ရန်ဟူသော ဦးတည်ချက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ယင်းအဖွဲ့ကို ၁၉၄၅ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကွီဘက်ညီလာခံ၌ စတင်တည်ထောင် ဖွဲ့စည်းခဲ့သည်။ ထို့ကြောင့် တည်ထောင်သည့်နေ့ကို အထိမ်းအမှတ်ပြု၍ အောက်တိုဘာလ ၁၆ ရက်နေ့ရောက်တိုင်း ကမ္ဘာ့စားနပ်ရိက္ခာနေ့အဖြစ် ကျင်းပနေခြင်းဖြစ်ပေသည်။

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၌ ရည်ရွယ်ချက် လေးရပ်ရှိပါသည်။ ယင်းတို့မှာ (၁)အာဟာရဓာတ်ပြည့်ဝမှုနှင့် လူနေမှုအဆင့်အတန်း မြှင့်တင်ပေးရန်၊ (၂)လယ်ယာ၊ သစ်တော၊ ရေလုပ်ငန်းတို့မှ စားသောက်ကုန်ပစ္စည်းနှင့် စိုက်ပျိုးထွက်ကုန်များ ပိုမိုတိုးတက်လာစေရန်၊ (၃)ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်လူနေမှု အဆင့်အတန်းကို မြှင့်တင်ပေးရန်၊ (၄)ကမ္ဘာ့စီးပွားရေးတိုးတက်လာမှုကို အားပေးကူညီပြီး ငတ်မွတ်ခေါင်းပါးမှုကို ဖယ်ရှားရန်တို့ဖြစ်သည်။

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ အထူးအစီအစဉ်များလည်း ရှိသည်။ ကမ္ဘာ့နိုင်ငံများ၌ အရေးပေါ်အခြေအနေဖြစ်ပေါ်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်လာလျှင် အချိန်မီလုပ်ကိုင်နိုင်ရန် စီစဉ်ထားသည်။ ရိက္ခာချို့တဲ့သော နိုင်ငံများ၏ လက်ရှိ ဖြစ်ပေါ်နေသည့် အခြေအနေကို မှတ်တမ်းပြုစုထားသည်။ ရိက္ခာပြတ်တောက်မှုရှိသည်နှင့် တစ်ပြိုင်နက် အလှူရှင်နိုင်ငံများသို့ သတင်းပို့သည်။ လိုအပ်သည့် အကူအညီများ ချက်ချင်းရရှိအောင် ဆောင်ရွက်ပေးသည်။ အခြားအစီအစဉ်တစ်ရပ်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အရန်စားနပ်ရိက္ခာထားရှိနိုင်ရေးအတွက် အစီအစဉ်များ ချမှတ်ရန် ကူညီဆောင်ရွက်ပေးခြင်းဖြစ်သည်။ ယင်းနောက် ရိက္ခာလေလွင့်မှု လျော့နည်းရေးနှင့် တိရစ္ဆာန်ရောဂါတိုက်ဖျက်ရေးအတွက် ကူညီဆောင်ရွက်ပေးခြင်းဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံများ ညီလာခံကို တစ်နှစ်ခြားကျင်းပသည်။ ညီလာခံတွင် မူဝါဒများချမှတ်ပြီး ငွေရေးကြေးရေးနှင့် လုပ်ငန်းစီမံချက်များ သတ်မှတ်ပေးသည်။ ညီလာခံမှ ရွေးချယ်သော ၄၉ဦးကောင်စီသည် ညီလာခံတစ်ခုနှင့်တစ်ခုကြား အုပ်ချုပ်ရေးအဖွဲ့အဖြစ် ဆောင်ရွက်ရသည်။ အဖွဲ့၏ ဌာနချုပ်ကို အီတလီနိုင်ငံ ရောမမြို့တွင် ဖွင့်လှစ်ထားရှိပါသည်။

ယနေ့ ကမ္ဘာကြီး၌ လူသန်းပေါင်း ၆၃၀၀ ကျော် ရှိသည့်အနက် လူသန်းပေါင်း ၈၀၀ကျော်သည် စားနပ်ရိက္ခာဖူလုံမှုမရှိဘဲ အာဟာရချို့တဲ့မှုများဖြင့် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။ ထိုကဲ့သို့ ကွာဟမှုများကို တတ်စွမ်းသမျှ လျော့ကျသွားအောင် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံ မိသားစုဝင်နိုင်ငံများ၊ ဒေသအတွင်းနိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းပြီး စားနပ်ရိက္ခာ တိုးမြှင့်ထုတ်လုပ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး စသည့် အပြုသဘောဆောင်သော နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍ၌ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေး၊ ရေမြေသဘာဝ ရာသီဥတု ညီညွတ်မျှတစေရေး၊ ရက္ခမျိုးကွဲ၊ ဇီဝမျိုးကွဲများနှင့် ဂေဟစနစ် တည်တံ့စေရေး ဦးတည်ပြီး

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

သစ်ထုတ်လုပ်မှုလုပ်ငန်းများကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ သစ်တောထိန်းသိမ်း ပြုစုပျိုးထောင်မှု၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းမှု စသည့် သစ်တောဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း စနစ်တကျ စီမံဆောင်ရွက်လျက်ရှိပြီး အညာဒေသအတွက် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး စီမံကိန်းကိုလည်း ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိနေပါသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံသူ နိုင်ငံသားများ၏ စားနပ်ရိက္ခာကို ဖြည့်ဆည်းပေးရေးအတွက်သာမက လူမှုစီးပွားရေးဘဝ တိုးတက်ဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့အတွက်ပါ ဖန်တီးဖော်ဆောင်ပေးနေသည့် အခြေခံကျသော စီးပွားရေးကဏ္ဍကြီး ဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိမှသာ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုကို ခိုင်မြဲအောင် တည်ဆောက် အကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုရှိမှလည်း စီးပွားရေးဘဝခိုင်မာတောင့်တင်းရေး၊ အမျိုးသားပညာရည်မြင့်မားရေးနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းတို့ကို ဖော်ဆောင်နိုင်မည် ဖြစ်သည်။ ထို့ကြောင့် အခြေခံကျသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေး လုပ်ကိုင်ဆောင်ရွက်ကြရင်း လယ်ယာကဏ္ဍနှင့် ဆက်နွှယ်သည့် သားငါးကဏ္ဍနှင့် သစ်တောကဏ္ဍတို့ကိုပါ ရေရှည် ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးစားလုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။ ၅၅သန်းကျော်ရှိသော မြန်မာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေး(ဝါ) သစ်တောကဏ္ဍ တစ်ခုခုကို မှီခိုအားထား အသက်မွေးဝမ်းကျောင်း ပြုနေကြပါသည်။ ဤကဏ္ဍများ၏ စွမ်းဆောင်မှုနှင့် ထုတ်လုပ်မှု တိုးတက်မြင့်မားလာစေခြင်းသည် ပြည်သူအများစု နေထိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးနေခြင်းပင် ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

“မိမိတို့ နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည့်အပြင် နိုင်ငံ၏ပြည်သူအများစုမှာလည်း ကျေးလက်ဒေသ၌ နေထိုင်ကြပြီး ဆင်းရဲနွမ်းပါးကြသည် ဖြစ်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်မှသာ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ကြောင်း”၊ “ကျေးလက်နေ ပြည်သူများ၏ ဆင်းရဲနွမ်းပါးမှု လျော့ကျရေး (Reduction of Rural Poverty)အတွက် စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးကိုပါ ပူးတွဲ လုပ်ကိုင်လာအောင် အားပေးရမှာ ဖြစ်ကြောင်း”

လမ်းညွှန်ခဲ့ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်ဖော်ဆောင်စေခဲ့ပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်နွှယ်နေပြီး ဟန်ချက်ညီညီ အကောင်အထည်ဖော်ရသည့် လုပ်ငန်းစဉ်များ ဖြစ်ပါသည်။ ထိုလုပ်ငန်းစဉ်များသည် ကမ္ဘာ့ဆင်းရဲမှု တိုက်ဖျက်ရေးအစီအစဉ်များနှင့်လည်း အနှစ်သာရအားဖြင့် အတူတူပင် ဖြစ်ပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို အလေးပေးဆောင်ရွက်ခြင်းသည် စီးပွားရေးအရရော နိုင်ငံရေးအရပါ ရွေးချယ်မှု မှန်ကန်သည့်အပြင် လူအများစု အကျိုးကို သယ်ပိုးခြင်းဖြစ်သည့်အတွက် ထိရောက်အောင်မြင်မှုများ ရရှိလျက် မြို့ပြနှင့် ကျေးလက်တို့အကြား ကွာဟချက်မှာလည်း လျော့နည်းလာလျက် ရှိပေသည်။

အဓိက စားနပ်ရိက္ခာဖြစ်သည့် စပါးသီးနှံထုတ်လုပ်ရေးအပိုင်းကို မြန်မာနိုင်ငံ၏ စပါးစုစုပေါင်းထွက်နှုန်းသည် ၂၀၀၀–၂၀၀၁ ခုနှစ်မှစပြီး တင်းသန်း ၁၀၀၀ကျော်လာပြီး၊ ၂၀၀၄–၂၀၀၅ ခုနှစ်တွင် တင်းသန်း ၁၂၀၀အထိ တိုးတက်ထွက်ရှိလာခဲ့ပါသည်။ မြန်မာ့စိုက်ပျိုးရေးသမိုင်း၌ စပါးအထွက် စံချိန်သစ်ကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့နိုင်လျက်ရှိသည့် အောင်မြင်မှုကြီးဖြစ်သည်။

ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံရုံသာမက ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံရေးကိုပါ အထောက်အကူ ပြုနိုင်လျက်ရှိသည်။ ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် သီးနှံအထွက်နှုန်းများ အစဉ်တစိုက် တိုးတက်စေရန်၊ သီးနှံစိုက်စွမ်းအားများ မြင့်မားစေရန်၊ မြေယာသစ်များရှာဖွေဖော်ထုတ် တိုးချဲ့စိုက်ပျိုးနိုင်စေရန်၊ ပြည်ပဈေးကွက်မှ လယ်ယာထွက်ကုန် အမယ်သစ်များ အောင်မြင်စွာ ယှဉ်ပြိုင်ရောင်းချနိုင်စေရန်တို့အတွက် စနစ်တကျဆောင်ရွက်လျက် ရှိပါသည်။

လယ်ယာကဏ္ဍနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် သားငါးကဏ္ဍမှာလည်း တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်ပါသည်။ သားငါးမျိုးကောင်းမျိုးသန့်များ တိုးတက်ဖြန့်ဖြူးပေးပြီး နိုင်ငံတော်အတွင်း သားငါးထုတ်လုပ်မှု ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာရေး၊ သားငါး ပုစွန် မွေးမြူရေးလုပ်ငန်းများ တိုးတက်ခေတ်မီရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်ဒေသ တစ်နိုင်တစ်ပိုင် မွေးမြူရေးမှသည် စီးပွားဖြစ် ခေတ်မီမွေးမြူရေး ဖြစ်ထွန်းလာအောင် အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပိုလျှံမှုများကို ပြည်ပသို့ ပုံမှန်တင်ပို့ရောင်းချနေပြီ ဖြစ်ပေသည်။

သားငါးဖွံ့ဖြိုးတိုးတက်ရေး၌ ငါးပုစွန်မျိုး မပြုန်းတီးစေရေး ဇီဝဆိုင်ရာ ဂေဟစနစ်မပျက်စီးစေရေးတို့အတွက် ထိန်းသိမ်း ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ကမ္ဘာ့ရေထု ၉၇ရာခိုင်နှုန်းမှာ ပင်လယ်ဆားငန်ရေများဖြစ်ပြီး ကျန် ၃ရာခိုင်နှုန်းသာ ရေချိုများဖြစ်သည်။ မြစ်ချောင်းအင်းအိုင်များနှင့် မြေအောက်ရေများကို သစ်ပင်သစ်တောများက ထိန်းသိမ်းထားသည်။ သစ်ပင်သစ်တောများကြောင့် မိုးရွာသွန်းမှုဖြစ်စေပြီး မြေအောက်ရေများ ရရှိကာ မြစ်ချောင်းများ ထာဝစဉ် စီးဆင်းနေခြင်းဖြင့် လူသားတို့ကို အကျိုးပြုစေပါသည်။

လူသားများအပါအဝင် သတ္တလောကကြီးတစ်ခုလုံးသည် သစ်ပင်များကို မှီခိုနေကြပေသည်။ ဤသတ္တလောကကြီးတွင် လူဟူ၍ စတင်ပေါ်ပေါက်ချိန်မှ လူသားများသည် သစ်ပင်များကို မှီခိုစားသောက်နေသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ သစ်ပင်များ ပျက်စီးဆုံးရှုံးလျှင် သက်ရှိလောကကြီးတစ်ခုလုံးသည် ပျက်စီးသွားနိုင်ပါသည်။ သတ္တလောကကြီး တည်မြဲနိုင်ရန် သစ်ပင်များကို အစဉ်စိုက်ပျိုးထိန်းသိမ်းကြရန် လိုအပ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၌ သစ်တောပြုစု ပျိုးထောင်ထိန်းသိမ်းရေးလုပ်ငန်းကို အလေးထားဆောင်ရွက်နေသည့်နည်းတူ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး၊ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စီမံကိန်းစသည်များကိုလည်း အကောင်အထည်ဖော်လျက်ရှိရာ အောင်မြင်မှုများ ရရှိနေပြီ ဖြစ်ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အတွက် ချမှတ်ထားသော **“ရိက္ခာဝမ်းစာဖူလုံဖို့ စိုက်ပျိုးရေးတွင် ရင်းနှီးစို့”**ဟူသည့် ဆောင်ပုဒ်နှင့်အညီ စားနပ်ရိက္ခာ ဖူလုံရေးအတွက် စိုက်ပျိုးရေးကဏ္ဍတွင်သာမက မွေးမြူရေး၊ သစ်တောစသည့် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းစွမ်းဆောင်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဟသ်ာတတွင်စပါးခွံဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှု တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၄

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်သည် အဖွဲ့ဝင်များလိုက်ပါပြီး ဟသ်ာတမြို့နယ် ယုန်သလင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး စပါးခွံသုံးဓာတ်ငွေ့အင်ဂျင်စက်လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး စပါးခွံဖြင့် လျှပ်စစ်ဓာတ်အားပေးထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါစက်ရုံကို ၂၀၀၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အင်ဂျင်မှာ ER 100 အမျိုးအစားဖြစ်ကာ 130 – KVA ထုတ်လုပ်နိုင်ပြီး အိမ်ပေါင်း ၃၆၃အိမ်အား မီးပေးနိုင်ကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်ထွက်ခွာလာရာ ဟသ်ာတမြို့သို့ရောက်ရှိပြီး မြို့သူကြီးဘုရား ဘက်စုံပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့သည်။ ထို့နောက် ပြည့်စုံစက်မှုလက်မှုလုပ်ငန်းသို့ ရောက်ရှိပြီး စက်မှုပညာရှင်ဦးမြကြိုင်က စပါးခွံသုံးဓာတ်ငွေ့အင်ဂျင်စက်ထုတ်လုပ်ထားရှိမှုနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသရာ တိုင်းမှူးက လက်ရှိအဆင့်မှာပင် ရောင့်ရဲတင်းတိမ်မနေဘဲ အရည်အသွေးတိုးတက်မြင့်မားအောင် ဆက်လက် တီထွင်ကြိုးပမ်းသွားကြရန် မှာကြားသည်။ အဆိုပါမီးစက်များကို တိုင်းအတွင်း ၁၂လုံးခန့် ရောင်းချပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် ဟသ်ာတမြို့ ပြည့်စုံစက်မှုလက်မှု လုပ်ငန်းမှ စပါးခွံသုံး ဓာတ်ငွေ့အင်ဂျင်စက် ထုတ်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိခင်ကြီးဒေါ်မြတင်အား အမှူးထား၍ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၄ လမ်း အမှတ်(၅၅) ၄ လွှာနေ သမီး ဒေါ်ဝင်းမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက်အလှူတော်ငွေကျပ် ၁၃၃၅၀၀ ကို ဒွိပိဋကဆရာတော် ဘဒ္ဒန္တ ဇဋိလထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်မြို့တွင်းလမ်းများ ကောင်းမွန်ရေးဆောင်ရွက် တက္ကသိုလ်ကြို/ ပို့ယာဉ်များ အချိန်မီရောက်ရှိရေးစီစဉ် တရားမဝင် စက်သုံးဆီဆိုင်များ ပပျောက်အောင်ကြပ်မတ်

ရန်ကုန် အောက်တိုဘာ ၁၄

ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၅နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မှာကြား

ရှေးဦးစွာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းက အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့တွင်း၌ ယာဉ်တိုက်မှုနှင့် မတော်တဆ ဖြစ်မှုများ ဖြစ်ပွားလျက်ရှိသဖြင့် လမ်းများကောင်းမွန်စေရေးအတွက် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ကြရန်၊ ရထားစီးခရီးသည်များ၏ ကြို/ပို့ယာဉ်စီးနင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် စီမံဆောင်ရွက်ကြရန်၊ တက္ကသိုလ်ကြို/ပို့ယာဉ်များ အချိန်မီရောက်ရှိရေး၊ လျှပ်စစ်မီးမပြတ် တောက်ရေးနှင့် တယ်လီဖုန်းလိုင်းများ ကောင်းမွန်ရေး စီစဉ်ဆောင်ရွက်ကြရန် ရန်ကုန်မြို့တွင်း လမ်းမကြီးများ၊ လမ်းသွယ်များနှင့် လူနေရပ်ကွက်များ၌ စည်းကမ်းမဲ့ တရားမဝင် ဓာတ်ဆီ၊ ဒီဇယ် ဆီဆိုင်များ ဖွင့်လှစ်ရောင်းချမှုကြောင့် မီးဘေးအန္တရာယ် ဖြစ်ပေါ်စေနိုင်သဖြင့် တရားမဝင် စက်သုံးဆီဆိုင်များ ပပျောက်အောင် ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ယာဉ်လိုင်းဥက္ကဋ္ဌများက တက္ကသိုလ်၊ ကောလိပ်ကြို/ပို့ယာဉ်များဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက် စီမံ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် မော်တော်ယာဉ်များအား စီအင်န်ဂျီ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရည်ချွန်ဆုပေးပွဲနှင့် မဟာဘုံကထိန်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

မရမ်းကုန်းမြို့နယ် ဘုရင့်နောင် ဈေးကြီး ဈေးသူဈေးသားများ၏ သားသမီးများက ၂၀၀၆ခုနှစ် အခြေခံပညာအထက်တန်းအောင်နှင့် ဂုဏ်ထူးရကျောင်းသားကျောင်းသူများအား ဈေးသာယာရေးကော်မတီက ဒုတိယအကြိမ် ပညာရည်ချွန်ဆုဂုဏ်ပြုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁ရက်တွင် ကျင်းပမည်ဖြစ်သည်။ ၂၀၀၅ခုနှစ် ပထမအကြိမ် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းသားကျောင်းသူ ၃၆ဦးတို့အား ချီးမြှင့်ခဲ့သည်။

ထို့ပြင် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးကော်မတီ၏ (၁၇) ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲကို နိုဝင်ဘာ၂ရက်တွင် ကျင်းပမည်ဖြစ်ရာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသက ကထိန်တရားတော်ချီးမြှင့်မည်ဖြစ်ပြီး ယခုနှစ်တွင် ဘုရင့်နောင် ဈေးကြီးမိသားစု ဘုံကထိန်မှ ကထိန်ခင်းကျောင်းတိုက်များသို့ ငွေကျပ်သိန်း ၆၀ကျော် လှူဒါန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟိုအမျိုးသမီး အထက်တန်းကျောင်း(မရမ်းခြံ)အထက(၁) ကမာရွတ်ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၇ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ အပူဇော်ခံ ဆရာ၊ ဆရာမကြီးများအား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြစဉ်။ (က-ပ)

အောက်တိုဘာ ၁၄ရက်က လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသို့ မီးငြိမ်းသတ်ခြင်းနှင့် အသက်ကယ်တင်ခြင်းလုပ်ငန်းများတွင် အသုံးပြုနိုင်သည့် ငွေကျပ်ဆယ်သိန်းတန်ဖိုးရှိ Partner Power Cutter ဖြတ်တောက်၊ ထွင်းဖောက် မီးသတ်ပစ္စည်းကိရိယာ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မီးသတ်ဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက လှူဒါန်းသည့်ပစ္စည်းကို လက်ခံပြီး အလှူရှင်အား မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပေးအပ်စဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၅-၁၀-၂၀၀၆
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"ဒါရကန္တောဝါဒသုတ်"**

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"သိဂ္ဂုက်မေတ္တာ"**
၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀ ၆။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၈။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၃။ လျှပ်တစ်ပြက်
၆:၄၅ ၁၄။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၆၅)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ English Premier League ဘောလုံးပွဲ Newcastle Vs Bolton Wanderers

ကြည့်မြင်တိုင်ကမ်းနားဈေး မဟာဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၁၄

နှစ်စဉ် ကျင်းပမြဲဖြစ်သော ကြည့်မြင်တိုင် ကမ်းနားဈေး ဈေးသူ၊ဈေးသားများ၏ (၂၂)ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မဟာဘုံကထိန် ကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ ဦးအေး(ခ)ဦးစိန်အေးသောင်းနှင့် ကော်မတီဝင်များဦးစီးကာ အောက်တိုဘာ ၂၀ ရက်မှစ၍ မြို့နယ်အတွင်း ရပ်ကွက်များသို့ အလှူငွေကောက်ခံခြင်း၊ မဟာဘုံကထိန်အကြို တရားဓမ္မသဘင်ကျင်းပနိုင်ရေးတို့ကို ဆောင်ရွက်၍ နိုဝင်ဘာ၃ရက်တွင် ပဒေသာပင်များကို မြို့နယ်အတွင်းလှည့်လည်ကာ အင်းစိန်မြို့နယ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာညောင်ပင်သာကျောင်းတိုက်သို့ ပဒေသာပင်များကို ဆက်ကပ်ကာ ရေစက်ချလှူဒါန်းကြမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

ဒို့ကျေးရွာဂျာနယ် အတွဲ(၃)အမှတ်(၂၀)ထွက်ပြီ

ရန်ကုန် အောက်တိုဘာ ၁၄

မိုးရာသီ၏ နှုတ်ဆက်မိုးများ ရွာသွန်းနေချိန်ဖြစ်သည်။ ဗုဒ္ဓ ဘာသာဝင်ရဟန်းတော်များ အချင်းချင်း ဖိတ်ကြား၍ ပဝါရဏာပွဲတော် အခါလည်းဖြစ်သည်။ ဤအချိန်အခါကာလနှင့် အတူ ကျေးလက်ပြည်သူတို့အား ဗဟုသုတရရှိစေရန်ရည်ရွယ်၍ ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ် (၂၀)ကို အောက်တိုဘာ ၁၅ရက် (ယနေ့)တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(အပေါ်ပုံ)**

ယခုအပတ်ဂျာနယ်တွင် နှစ်သီးသုံးသီးစိုက်မှ တကယ့်လယ်သမား၊ စားသုံးဆီဖူလုံပို့လျှံဖို့မြေပဲစိုက်ကြစို့၊ တောင်သူလယ်သမားအလေးထား၊ ကြက်ငှက်တုပ်ကွေးရောဂါနှင့် ကျေးလက်ဒေသကြက်မွေးမြူရေး၊ ကူးစက်လွယ်သည့် ဝက်အဆုတ်ရောင်ရောဂါ၊ တီလားပီးယားငါး အကျိုးကျေးဇူးများ၊ မျက်စိရောဂါသိကောင်းစရာ၊ ဆေးဖက်ဝင် ငုဝါပင်၊ ဒို့ကျေးရွာအရဏ်ဦး၊ ဒို့ကျေးရွာသားကလေးများ ကစားကြရာဝယ် စသည့်ကျေးလက်ပြည်သူတို့ ဗဟုသုတဖြစ်ဖွယ် ဆောင်းပါးများ၊ သတင်း၊ ဝတ္ထုတို၊ ပုံပြင်၊ ကဗျာ၊ ကာတွန်း စသည်ဖြင့် သုတ၊ ရသစုံလင်စွာဖော်ပြပါရှိပြီး ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာ ဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂/၂၄

ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း– ၃၇၁၃၄၀၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေဘုန်းပွင့်စေတီ မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲ

ရန်ကုန် အောက်တိုဘာ ၁၄

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး ဘဏ္ဍာတော် ထိန်းဂေါပကအဖွဲ့ကကြီးမှူး၍ (၁၆) ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်ပြိုင်ပွဲကို (၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ရက်) နိုဝင်ဘာ ၃ရက် ညနေ ၆နာရီတွင် ကျင်းပမည် ဖြစ်ပြီး မသိုးရွှေကြာသင်္ကန်းဆက်ကပ် ပွဲကို တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင် ဘာ ၄ရက်) အရုဏ်တက်တွင် ကျင်းပမည်ဖြစ်သည်။ ရက်ကန်းရက်ပြိုင်ပွဲကို စင်တော်ကြီး ၁၀စင်ဖြင့် ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ယခုနှစ်တွင် ပထမဆုငွေကျပ်တစ်သိန်း အပါအဝင်ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ပြိုင်ပွဲဝင်ပုံစံများကို ယနေ့မှစ၍ ရွှေဘုန်းပွင့်စေတီတော် ဂေါပကရုံးတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အောက်တိုဘာ ၂၁ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထားကာ ဂေါပကရုံးသို့ တင်သွင်းနိုင်ကြောင်းနှင့် လှူဒါန်းလိုသူများသည် ဂေါပကအဖွဲ့ရုံး ဖုန်း– ၀၁– ၂၉၀၄၂၅ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ရေဝတီအမျိုးသမီးအသင်းများ သုံးကြိမ်ဆက်ဗိုလ်စွဲ

ရန်ကုန် အောက်တိုဘာ ၁၄

အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ကြီးမှူးကျင်းပသည့် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို ယနေ့နံနက် ၉နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင်ကျင်းပရာ အမျိုးသားအကြိုဗိုလ်လုပွဲများတွင် တနင်္သာရီတိုင်း (က)အသင်းက စစ်ကိုင်းတိုင်း(ခ)အသင်းကို နှစ်ပွဲ–တစ်ပွဲဖြင့်လည်းကောင်း၊ မန္တလေးတိုင်း (ခ)အသင်းက ရေဝတီတိုင်း (ခ) အသင်းကို နှစ်ပွဲ–တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီးအကြိုဗိုလ်လုပွဲ၌ မွန်ပြည်နယ်(က)အသင်းက ရေဝတီတိုင်း (ခ)အသင်းကို နှစ်ပွဲ–ပွဲမရှိဖြင့်လည်းကောင်း၊ ရေဝတီတိုင်း(က)အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ–ပွဲမရှိ ဖြင့်အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားကြသည်။

တတိယလုပွဲနှင့် ဗိုလ်လုပွဲကို မွန်းလွဲ ၁နာရီတွင်ကျင်းပရာ တတိယလုပွဲ အမျိုးသားပြိုင်ပွဲတွင် ရေဝတီတိုင်း (ခ)အသင်းက စစ်ကိုင်းတိုင်း(ခ)အသင်းကို နှစ်ပွဲ–ပွဲမရှိဖြင့်လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင်ရေဝတီတိုင်း(ခ)အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ–ပွဲမရှိဖြင့်အနိုင်ရရှိပြီး တတိယရရှိသွားသည်။

ဒိုင်းအပိုင်

ဆက်လက်၍ ဗိုလ်လုပွဲစဉ်များကို ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် ယမန်နှစ်ချန်ပီယံရေဝတီတိုင်း(က)အသင်းက မွန်ပြည်နယ်(က)အသင်းကို နှစ်ပွဲ–ပွဲမရှိဖြင့်အနိုင်ရရှိပြီး သုံးနှစ်ဆက်တိုက်ဖြင့် ဒိုင်းအပိုင်ရရှိသွားသည်။ မွန်ပြည်နယ် (က)အသင်းက ဒုတိယဖြင့် သာ ကျေနပ်သွားရသည်။

ဗိုလ်စွဲ

အမျိုးသားဗိုလ်လုပွဲတွင် တနင်္သာရီတိုင်း(က)အသင်းက မန္တလေးတိုင်း(ခ) အသင်းကို နှစ်ပွဲ–တစ်ပွဲဖြင့်အနိုင်ရပြီး ဗိုလ်စွဲသွားသည်။ မန္တလေးတိုင်း(ခ) အသင်း ဒုတိယရရှိသွားသည်။

အောက်တိုဘာ ၁၅ ရက် **(ယနေ့)** နံနက်၉နာရီတွင် အမျိုးသားသုံးယောက်တွဲဗိုလ်လုပွဲအဖြစ် စစ်ကိုင်းတိုင်း(က) အသင်းနှင့် (ခ)အသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

အမေရိကန်သည်မြန်မာ့ပြည်တွင်းရေးစွက်ဖက်ရန်ကြိုးပမ်း စွပ်စွဲချက်မှာ ကြောင်းကျိုးခိုင်လုံမှုမရှိကြောင်းယုံကြည် ရခိုင်ငြိမ်းချမ်းရေးအဖွဲ့က ရှုတ်ချကန့်ကွက်

နေပြည်တော် အောက်တိုဘာ ၁၄

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် ရခိုင်ငြိမ်းချမ်းရေးအဖွဲ့ (AA)က သဘောထား ထုတ်ပြန်ကြေညာချက် တစ်ရပ်ကို စက်တင်ဘာ ၂၅ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ရခိုင်ငြိမ်းချမ်းရေးအဖွဲ့ (AA)၏ သဘောထားထုတ်ပြန်ကြေညာချက်

နေ့စွဲ၊ ၂၅–၉–၂၀၀၆

၁။ အမေရိကန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေအား ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်နိုင်သည်ဟူသော စွပ်စွဲချက်ဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁၅ရက်တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း သိရှိရပါသည်။

၂။ အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်နိုင်ရေးအတွက် အစဉ်တစိုက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပြီး ကုလသမဂ္ဂကို အသုံးချကာ ဖိအားပေးရန် ကြိုးစားလုပ်ဆောင်မှုများသည် ကုလသမဂ္ဂ၏ အခြေခံမူနှင့် ကိုက်ညီမှုမရှိသည့်အပြင် မြန်မာနိုင်ငံ၏ အခြေအနေသည် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုများ အထိုက်အလျောက် ရရှိနေပြီဖြစ်သဖြင့် ဒေသတွင်း၏ ငြိမ်းချမ်းရေးနှင့် လုံခြုံမှုကို ထိခိုက်စေသည်ဟူသော စွဲချက်မှာ ကြောင်းကျိုးခိုင်လုံမှုမရှိကြောင်းနှင့် မဖြစ်နိုင်ကြောင်း ယုံကြည်ပါသည်။

၃။ ကျွန်ုပ်တို့အဖွဲ့အစည်း၏ သုံးသပ်ချက်မှာ အမေရိကန်တို့အနေဖြင့် ကုလသမဂ္ဂကို ခုတုံးလုပ်အသုံးချ လုပ်ဆောင်နေမှုများသည်–

(က) မြန်မာနိုင်ငံ၏ ဆောင်ရွက်လျက်ရှိသော လမ်းစဉ်(၇)ရပ်အရ လူထု လူတန်းစားအသီးသီးကို ကိုယ်စားပြုလျက် ကျင်းပလျက်ရှိသော အမျိုးသား ညီလာခံကို ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်ဆောင်ရွက်မှုများသာ ဖြစ်ပါသည်။

(ခ) ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် ရရှိနေပြီးဖြစ်သော တရားဥပဒေ စိုးမိုးရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့အတွက် အနှောင့်အယှက် ဖြစ်ရုံသာမကဘဲ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးအပေါ် ပျက်စီးရာ ပျက်စီးကြောင်း လုပ်ဆောင်မှုများသာဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အမေရိကန်တို့အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကို ခုတုံးလုပ်ပြီး မြန်မာနိုင်ငံတော်၏ ပြည်တွင်းရေးကို အဘက်ဘက်မှ ဝင်ရောက်စွက်ဖက်နေခြင်းအား မိမိတို့ အဖွဲ့အစည်းအနေဖြင့် ဆန့်ကျင်ရှုတ်ချကန့်ကွက်ပါကြောင်း ကြေညာအပ်ပါသည်။

ခေါင်းဆောင်
ဦးခိုင်လင်းနိုင်

ရွာရန်ရာနှုန်း ၆၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

အထက(၁)ကြည့်မြင်တိုင် အာစရိယပူဇော်ကြမည်

ရန်ကုန် အောက်တိုဘာ ၁၄

ကြည့်မြင်တိုင်မြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း (ယခင်အေဘီအမ် ကြည့်မြင်တိုင် မိန်းကလေးအထက်တန်းကျောင်း)၏ တတိယအကြိမ် စုပေါင်း အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြဝတ်ရည်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စုပေါင်း အာစရိယပူဇော်ပွဲသို့ အပူဇော်ခံဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် အထက(၁)ကြည့်မြင်တိုင် ဖုန်း–၂၂၀၃၆၂၊ ဒေါ်စွမ် ဖုန်း– ၂၂၃၃၂၅၊ ဒေါ်ခင်တီတီ ဖုန်း–၅၁၂၆၆၇၊ ဒေါ်ကြူကြူမြင့် ဖုန်း– ၅၃၄၇၄၇နှင့် ဒေါ်ဝင်းဝင်းမေ ဖုန်း–၇၂၁၇၀၄တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

မန်ယူကဝီဂန်ကိုနောက်မှလိုက်ဂိုးသွင်းအောင်ပွဲခံ အာဆင်နယ်နိုင်သော်လည်း လီဗာပူးသရေပွဲကျ

သတင်းမြင့်ကွင်း-မြင့်စိုး

လန်ဒန် အောက်တိုဘာ ၁၄

ပရီမီယာလိဂ်ပွဲစဉ်(၈) ဘောလုံးပြိုင်ပွဲများကို အောက်တိုဘာ၁၄ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ တန်းစီဇယားကို ထိပ်ဆုံးမှဦးဆောင်နေသော မန်ချက်စတာယူနိုက်တက်အသင်းက ဝီဂန်ကွင်း၌ သုံးဂိုး–တစ်ဂိုးဖြင့်အနိုင်ရခဲ့သည်။

ပွဲစပြီး ငါးမိနစ်အကြာ ဝီဂန်အသင်းမှ လက်ရှိတန်ဘိုင်းနက်စ်က တည်ကန်ဘောမှတစ်ဆင့်သွင်းယူလိုက်သည်။ ပထမပိုင်းတစ်ချိန်လုံး မန်ယူတို့ချေပဂိုးသွင်းရန် ကြိုးစားသော်လည်း ဝီဂန်တို့ ခံစစ်အားကောင်းနေ၍ မအောင်မြင်ခဲ့ပေ။

ဆိုးလ်ရှား၏ ပွဲသိမ်းဂိုးအပြီး မန်ယူကစားသမားများ ဤသို့ အောင်ပွဲခံခဲ့ကြသည်။ (ဓာတ်ပုံ–အင်တာနက်)

သို့သော်လည်း ဒုတိယပိုင်းတွင် မန်ယူတို့ချေပဂိုး သွင်းနိုင်ရေးတရစပ်တိုက်စစ်ဆင်ကစားခဲ့၍ ကစားကွက် သွက်လက်မြန်ဆန်လာသည်။ ရှန်နေကန်သွင်းသောဘောလုံးမှာ ဘားတန်းထိမှန်ခဲ့သည်။ ပွဲချိန်၆၂မိနစ်တွင် ဗီဒစ်ကရိုင်ယန်ဂစ်၏ ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူ ချေပလိုက်သည်။

ယင်းဂိုးကြောင့် မန်ယူကစားသမားများ ခြေစွမ်းပိုတက်လာပြီး ဒုတိယမြောက်ဂိုးကို ပွဲချိန်၆၆မိနစ်တွင် ရှန်နေ ဖြတ်တင်ပို့သောဘောလုံးကို ဆာဟာကဖမ်းတားပြီး သွင်းယူလိုက်ပြန်သည်။ ပွဲသိမ်းချိန်တွင် ဆိုးလ်ရှား၏ ဘယ်ခြေကန်ချက်ဖြင့် တတိယဂိုးသွင်းယူကာ ပြိုင်ပွဲကို အဆုံးသတ်လိုက်သည်။

စည်းလုံးညီညွတ်သော စိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ခဲ့သော မန်ချက်စတာယူနိုက်တက်အသင်းသည် တစ်ဂိုးအသွင်းခံထားရသော်လည်း အနိုင်မခံအရှုံးမပေးသောစိတ်ဓာတ်ကြောင့် အဆုံး၌ ဝီဂန်ကိုနောက်မှလိုက်၍ သုံးဂိုးသွင်းယူကာ အောင်ပွဲဆင်နိုင်ခဲ့သည်။

မန်ယူအသင်းသည် ရှစ်ပွဲကစားရာတွင် ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ၁၉မှတ်ရရှိကာ တန်းစီဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

အာဆင်နယ်–ဝက်ဖို့ဒ်

အာဆင်နယ်အသင်းသည် အိမ်ကွင်း၌ ဝက်ဖို့ဒ်အသင်းမှ စတီးဝပ်၏ ကိုယ့်ဂိုးကိုယ်ပြန်သွင်းပေးမှုဖြင့် နိုင်ပွဲစနိုင်ခဲ့သည်။

အာဆင်နယ်အသင်းမှ အဓိက ကစားသမားအချို့ ဒဏ်ရာရထားသော်လည်း တန်းတက်ဝက်ဖို့ဒ် အသင်းကို ခြိမ်းခြောက်ကစားနိုင်ခဲ့သည်။ ပွဲချိန်၄၃မိနစ်တွင် အွန်နရီက အာဆင်နယ်အသင်းအတွက် ဒုတိယဂိုးသွင်းပေးပြီး တတိယအနိုင်ဂိုးကို အဒီဘေယာက ပွဲချိန်၆၇မိနစ်၌ သွင်းယူနိုင်ခဲ့သည်။

အာဆင်နယ်အသင်းသည် ယခုနှစ် ပရီမီယာလိဂ်ရာသီတွင် အိမ်ကွင်း နှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲအနိုင်ရပြီး နှစ်ပွဲသရေနှင့် စုစုပေါင်းရမှတ်၁၄မှတ် ပိုင်ဆိုင်ထားပြီဖြစ်သည်။ သို့သော်လည်း ထိပ်ဆုံးမှမန်ယူနှင့် ချယ်လ်ဆီးတို့ကို အမီလိုက်ရန်ကြိုးစားရဦးမည်ဖြစ်သည်။

အခြားပွဲရလဒ်များ

လီဗာပူး	**၁–၁**	**ဘလက်ဘန်း**
မန်စီးတီး	**၀–၀**	**ရှက်ဖီး**
မစ်ဒယ်ဘရော့	**၂–၁**	**အဲဗာတန်**
ပို့စ်မောက်	**၂–၀**	**ဝက်စ်ဟမ်း။**

(အင်တာနက်)

အာဆင်နယ်မှ ဂါးလက်စ်(ယာ)**နှင့် ဝက်ဖို့ဒ်မှ မာလွန်တို့ ဤသို့ အပြိုင်ခေါင်းခုန်တိုက်ခဲ့ကြသည်။** (ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

အင်္ဂလန်အသင်းကို လူငယ်များဖြင့် ပြောင်းလဲမည် နည်းပြ မက်ကလာရင် ပြောကြား

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် အောက်တိုဘာ ၁၄

အင်္ဂလန်အသင်းသည် ခရိုအေးရှားအသင်းကို ယူရိုခြေစစ်ပွဲတွင် ရှုံးနိမ့်ခဲ့ပြီးနောက် အင်္ဂလန်အသင်းကို ယူ–၂၁ မှ ကြယ်ပွင့်လူငယ်အချို့နှင့် ပြုပြင်ပြောင်းလဲသွားမည်ဖြစ်ကြောင်း နည်းပြမက်ကလာရင်က ပြောကြားလိုက်သည်။

အင်္ဂလန်အသင်းသည် မတ်လတွင် ယူရိုခြေစစ်ပွဲအဖြစ် အစ္စရေးအသင်းနှင့်မကစားမီ နယ်သာလန် အသင်းနှင့် နိုဝင်ဘာလတွင်တစ်ကြိမ်၊ ဖေဖော်ဝါရီလတွင် တစ်ကြိမ် ချစ်ကြည်ရေးပွဲများ ကစားရန် စီစဉ်ထားကြောင်း သိရသည်။

ယူ–၂၁မှ အင်္ဂလန်ကစားသမားများသည် အင်္ဂလန်အသင်းတွင် ပါဝင်ကစားရန်မှာ အလွန်ပင် နီးစပ်နေပြီဖြစ်ကြောင်း မက်ကလာရင်က ပြောကြားသည်။

ယူ–၂၁ မှ အာဆင်နယ်တိုက်စစ်မှူး ဝေါလ်ကော့သည် ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် လေဗာကူဆင်အသင်းနှင့် ယှဉ်ပြိုင်ရာတွင် နှစ်ဂိုးသွင်းပေးနိုင်ခဲ့သည်ဟု ၎င်းကဆိုသည်။

အင်္ဂလန်နည်းပြ မက်ကလာရင်။

ဝက်စ်ဟမ်း ကွင်းလယ်ကစားသမား နီဂျယ်ရီယိုကွတ်ကာကိုလည်း ရွေးချယ်ရန် စဉ်းစားထားကြောင်း မက်ကလာရင်က ပြောကြားသည်။ အင်္ဂလန်နည်းပြသည် ယူရိုခြေစစ်ပွဲတွင် ခရိုအေးရှား အသင်းကို ရှုံးခဲ့၍ လူရွေးချယ်မှုနှင့် ပတ်သက်ပြီး ပြင်းပြင်းထန်ထန် ဝေဖန်ခံနေရသည်။ **(အင်တာနက်)**

အာဆင်နယ် အဓိကကစားသမားအချို့ ဒဏ်ရာရနေ

လန်ဒန် အောက်တိုဘာ ၁၄

အာဆင်နယ်အသင်းမှ ယွန်းဘတ်၊ အီဘိုးနှင့် ဘက်တစ္စတာတို့သည် ဒဏ်ရာများရရှိထားကြ၍ အသင်းကို ထိခိုက်စေကြောင်း နည်းပြအာဆင်ဝင်းဂါးက ပြောကြားသည်။

အာဆင်နယ်အသင်းမှ ဒဏ်ရာရ ကစားသမားများ။

ဖရက်ဒရစ်ယွန်းဘတ်သည် ခြေသလုံးကြွက်သားဒဏ်ရာ ရရှိထားပြီး၊ အီဘိုးသည် ဒူးခေါင်းဒဏ်ရာရထား၍ ပြိုင်ပွဲသုံးပွဲနှင့်လွဲလိမ့်မည်ဖြစ်ကြောင်း၊ ဘက်တစ္စတာသည်လည်း တံကောက်ကြော ဒဏ်ရာရထားကြောင်း ဝင်းဂါးက ပြောကြားသည်။

အာဆင်နယ်အသင်းမှ ကစားသမားအချို့သည် နိုင်ငံတကာ တာဝန်များကြောင့် ဒဏ်ရာများရရှိထားသည်ဟု ဆိုသည်။ သို့ရာတွင် ဝီလျံဂါးလက်စ်နှင့် ဖီးလစ်ဆန်ဒရို့စ်မှာ ဒဏ်ရာမှ ပြန်ကောင်းလာပြီ ဖြစ်သည်။

အာဆင်နယ်အသင်းမှ အဓိကကစားသမားအချို့ ဒဏ်ရာများရထား၍ ပရီမီယာလိဂ်ပြိုင်ပွဲအချို့တွင် အခက်အခဲများဖြင့် ရင်ဆိုင်ရမည်ဟု နည်းပြ အာဆင်ဝင်းဂါးက ပြောကြားသည်။ **(အင်တာနက်)**

ဘူလ်ဂေးရီးယားအသင်းခေါင်းဆောင် ယူရိုခြေစစ်ပွဲအပြီး ဒေါသဖြင့်နုတ်ထွက်

ဆိုဖီယာ အောက်တိုဘာ ၁၄

ဘူလ်ဂေးရီးယား အသင်းခေါင်းဆောင် စတယ်လီယမ်ပီထရော့ဗ်သည် အောက်တိုဘာ ၁၁ရက်က ယူရိုခြေစစ်ပွဲတွင် လူဇင်ဘတ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီးနောက် အသင်းမှ နုတ်ထွက်ခဲ့သည်။

မိမိသည် နည်းပြစတွိုက်ကော့ဗ်၏ အုပ်ချုပ်မှုအောက်တွင် ဘူလ်ဂေးရီးယားအသင်း၌ ပါဝင်မကစားလိုတော့ကြောင်း အသက် ၂၇နှစ်ရှိ အက်စ်တွန်ဗီလာကွင်းလယ်ကစားသမား ပီထရော့ဗ်က ပြောကြားလိုက်သည်။



ဘူလ်ဂေးရီးယားအသင်းခေါင်းဆောင် ပီထရော့ဗ်။

မိမိသည် အမှန်တကယ်ပင် ဘူလ်ဂေးရီးယား ဘောလုံးအသိုင်းအဝိုင်းတွင် ပါဝင်ကစားရန် မမျှော်လင့်တော့ကြောင်း၊ သို့ရာတွင် ယခု အနားယူနုတ်ထွက်ရခြင်းမှာ အက်စ်တွန်ဗီလာအသင်းနှင့်မသက်ဆိုင်ကြောင်း ၎င်းကပြောကြားသည်။

ပီထရော့ဗ်သည် ဩဂုတ်လက ဆဲလ်တစ်အသင်းမှ အက်စ်တွန်ဗီလာအသင်းသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ ၎င်းသည် ဘူလ်ဂေးရီးယားအသင်းတွင် ၆၆ပွဲပါဝင်ကစားခဲ့ပြီး ခုနစ်ဂိုးသွင်းပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

ရုရှားနိုင်ငံသား ခရမ်နစ် ကမ္ဘာ့စစ်တုရင်ချန်ပီယံဆုဆွတ်ခူး

မော်စကို အောက်တိုဘာ ၁၄

ရုရှားနိုင်ငံမှ စစ်တုရင်ချန်ပီယံ ဗလာဒီမာခရမ်နစ်သည် အောက်တိုဘာ ၁၃ရက်က ဘူဂေးရီးယားနိုင်ငံမှ ဗက်ဆဲလင်းတိုပါလော့ဗ်အား အနိုင်ရပြီး ပထမဆုံးကမ္ဘာ့စစ်တုရင်ချန်ပီယံ ဖြစ်လာသည်။

၎င်းသည် အမြန်ရွှေ့ပြိုင်ပွဲနှစ်ပွဲ၊ အခြားပြိုင်ပွဲတစ်ပွဲ အနိုင်ရပြီးနောက် တစ်ပွဲတွင် သရေကျခဲ့သည်။ ၎င်း၏ ပြိုင်ပွဲတစ်ခုလုံး၏ ရမှတ်မှာ ၈.၅၊ ၇.၅ ဖြစ်သည်။ **(အင်တာနက်)**

ဖီဖာ၏အကောင်းဆုံး ဘောလုံးသမားဆုပဏာမစာရင်း ပရီမီယာလိဂ်ကစားသမား ၁၂ဦးပါဝင်

ရေးသားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် အောက်တိုဘာ ၁၄

စတီဗင်ဂျရတ်၊ ဝိန်းရွန်နေနှင့် ဖရန့်လမ်းပတ်တို့သည် ဖီဖာ၏ အကောင်းဆုံး ဘောလုံးသမားဆု ပဏာမရွေးချယ်ထားသော လူ ၃၀စာရင်းတွင် ပါဝင်သည်။

ယင်းတို့သုံးဦးသည် ပရီမီယာလိဂ်အသင်းများမှ ရွေးချယ်ထားသော ဘောလုံးသမား ၁၂ဦးတွင် ပါဝင်သူများဖြစ်သည်။

သို့ရာတွင် အာဆင်နယ်တိုက်စစ်မှူးအွန်နရီသည် ဖီဖာ၏အကောင်းဆုံးဆုဆွတ်ခူးရန် ထိပ်ဆုံးမှပြေးနေသည်။

ဘရာဇီးကစားသမား ရော်နယ်ဒင်ဟိုသည် အဆိုပါဆုကို ယမန်နှစ်က ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ယခုနှစ်တွင် အွန်နရီနှင့် အီတလီအသင်းခေါင်းဆောင် ကင်နာဗာရိုတို့သည် အဓိက ပြိုင်ဘက်များ ဖြစ်လာဖွယ်ရှိသည်။

အဆိုပါ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ပဏာမရွေးချယ်စာရင်းတွင် ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးမှ ခြောက်ဦးပါဝင်သည်။ ယင်းတို့မှာ လမ်းပတ်၊ ချက်မှပီတာချက်၊ ဂါနာမှ မိုက်ကယ်အက်ဆီယန်၊ အိုင်ဗရီကို့စ်မှ ဒရော့ဘာ၊ ဂျာမနီသား မိုက်ကယ်ဘောလက်နှင့် ယူကရိန်းတိုက်စစ်မှူး ရှက်ဗ်ချင်ကိုတို့ ဖြစ်ကြသည်။

ပရီမီယာလိဂ်ကစားသမားများဖြစ်သည့် လမ်းပတ်(ဝဲ)၊ **စတီဗင်ဂျရတ်**(လယ်)**နှင့် ရွန်နေ**(ယာ)**တို့အား တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

အဆိုပါစာရင်းတွင် ပြင်သစ်ကွင်းလယ်ကစားသမားဟောင်း ဇီးနက်ဒင်း ဇီဒန်းလည်း ပါဝင်သည်။ ဇီဒန်းသည် ဇူလိုင် ၉ရက်က ဂျာမနီကမ္ဘာ့ ဖလား ဗိုလ်လုပွဲတွင် အီတလီနောက်တန်းလူ မာတာရာဇီအား ခေါင်းနှင့်တိုက်ခဲ့ပြီးနောက် နိုင်ငံကိုယ်စားပြု လက်ရွေးစင် ဘောလုံးသမားဘဝမှ အနားယူခဲ့ပြီဖြစ်သည်။

ယင်းစာရင်းတွင် ဇီဒန်းကဲ့သို့ ယခင်ကဆုဆွတ်ခူးခဲ့ဖူးသည့် ရော်နယ်ဒင်ဟိုနှင့် ပေါ်တူဂီကွင်းလယ်ကစားသမား ဖီဂိုတို့လည်း ပါဝင်လာသည်။ ဇီဒန်းသည် ယင်းကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ၁၉၉၈၊ ၂၀၀၀ နှင့် ၂၀၀၃ ခုနှစ်များက သုံးကြိမ်တိုင် ဆွတ်ခူးနိုင်ခဲ့သည်။ ဖီဂိုသည် ယင်းဆုကို ၂၀၀၁ ခုနှစ်က ရီးရဲမက်ဒရစ်အသင်းနှင့်အတူ ဆွတ်ခူးနိုင်ခဲ့သည်။ အဆိုပါ အကောင်းဆုံး ဘောလုံးသမားဆုကို နိုင်ငံ့လက်ရွေးစင်အသင်း မှ နည်းပြများနှင့် အသင်းခေါင်းဆောင်များက မဲပေး ရွေးချယ်ကြမည်ဖြစ်ကြောင်း သိရသည်။ ယင်းကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၁၈ရက်တွင် ဇူးရစ်မြို့၌ ပေးအပ် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကရင်မလင်ဖလားတင်းနစ်ပြိုင်ပွဲ မော်ရက်စမိုနှင့် ရှာရာပိုဗာ လက်စွမ်းပြယှဉ်ပြိုင်

မော်စကို အောက်တိုဘာ ၁၄

ပြင်သစ်တင်းနစ်မယ် မော်ရက်စမိုသည် ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် ကရင်မလင်ဖလား တင်းနစ်ပြိုင်ပွဲတွင် ရုရှားမှ ဒီမင်တီဗာ ပီထရိုဗာနှင့် အန်နာချတ်ဗီတက်ဇီတို့နှင့်အတူ ကွာတားဖိုင်နယ်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ် မော်ရက်စမိုသည် ရုရှားမှ အီလန်နာ ဗက်နီနာကို ၅–၇၊ ၆–၃၊ ၇–၆ဖြင့် အနိုင်ရခဲ့သည်။

ဒီမင်တီဗာသည် အစ္စရေးနိုင်ငံသူ ရှာဟာပီးယားကို ၄–၆၊ ၇–၆၊ ၆–၃ ဖြင့် နိုင်ခဲ့သည်။ ထိုအတောအတွင်း ပီထ ရိုဗာသည် တစ်နိုင်ငံတည်းသူ လစ်ဟော့ဆီဗာအား ၆–၃၊ ၇–၅ဖြင့် နိုင်ခဲ့သည်။

ချတ်ဗီတက်ဇီသည် အီတလီမှ ရှီးယားဗွန်းအား ၇–၆၊ ၆–၄ဖြင့် နိုင်ခဲ့ပြီး ကွာတားဖိုင်နယ်သို့ တက်လှမ်းလာခြင်း ဖြစ်သည်။



ရုရှားနာမည်ကြီးတင်းနစ်မယ် ရှာရာပိုဗာ ကလင်မလင်ဖလားပြိုင်ပွဲတွင် အယ်လင်နာဗစ်ကိုဗာအား အနိုင်ရပြီးဤသို့အောင်ပွဲခံခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့နံပါတ်တစ် အမျိုးသမီးတင်းနစ်မယ် မော်ရက်စမို၏ ရိုက်ကစားဟန်။ (ဓာတ်ပုံ–အင်တာနက်)

ဒီမင်တီဗာသည် ချက်မှ ဘီနက်ဆိုဗာအား အနိုင်ကစားခဲ့သည့် ပတ်တီရှနိုင်ဒါနှင့် ကစားမည်ဖြစ်သည်။ ပီထရိုဗာသည် နောက်ထပ် ရုရှားတင်းနစ်မယ်တစ်ဦးဖြစ်သည့် ဇဗိုနာရီဗာနှင့် ကစားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ချတ်ဗီတက်ဇီသည် ရုရှား နာမည်ကြီး မာရီယာရှာရာပိုဗာနှင့် တွေ့မည်ဖြစ်သည်။

ရှာရာပိုဗာသည် ပထမဆုံးပွဲစဉ်တွင် တစ်နိုင်ငံတည်းသူ ဗစ်ကိုဗာအား အနိုင်ရခဲ့သည်။ ၎င်းသည် မကြာမီက ယူအက်စ်အိုးပင်းချန်ပီယံဆု ဆွတ်ခူးခဲ့ပြီးနောက် ပထမဆုံးယှဉ်ပြိုင် အနိုင်ရရှိခြင်းဖြစ်သည်။

ဖလောရီဒါ၌အခြေတကျနေထိုင်သော ရှာရာပိုဗာသည် မော်စကို၌ ဒုတိယအကြိမ် လာရောက်ယှဉ်ပြိုင်ခြင်း ဖြစ်သည်။ သူမသည် ယမန်နှစ်က အဆိုပါ ကရင်မလင် ဖလားလုပွဲတွင် ဒုတိယပြိုင်ပွဲမှထွက်ခဲ့ရသည်။

ကမ္ဘာ့နံပါတ်တစ်မော်ရက်စမိုသည် ကွာတားဖိုင်နယ်တွင် ချက်နိုင်ငံမှ ဗာဒစ်ဆိုဗာနှင့် ဆက်လက်ယှဉ်ပြိုင် ကစားမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဆက်သွယ်ရေးတပ်ဖွဲ့ စစ်သည်များ အလိုရှိသည်

၁။ ဆက်သွယ်ရေးတပ်ဖွဲ့တွင် အောက်ပါပညာသည် စစ်သည်များအဖြစ် အမှုထမ်းဆောင်ရန် လျှောက်ထားနိုင်သည်-

ပညာသည်	လိုအပ်သည့်ပညာအရည်အချင်း
(က) ကွန်ပျူတာစနစ်သရုပ်ခွဲပညာ (ခ) ကွန်ပျူတာပရိုဂရမ်မာပညာ (ဂ) အီလက်ထရွန်နစ်ပညာ (ဃ) ကွန်ပျူတာအော်ပရေတာ	တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးသူများ၊ကွန်ပျူတာဒီပလိုမာ၊အေဂျီတီအိုင် (လျှပ်စစ်ဆက်သွယ်ရေး)၊အေဂျီတီအိုင် (လျှပ်စစ်စွမ်းအား)အောင်မြင်ပြီးသူများ။
(င) ရုံးစာရေးပညာ (စ) ဒေတာအော်ပရေတာပညာ (ဆ) ရေဒီယိုအော်ပရေတာပညာ (ဇ) ရေဒီယိုပြင်ပညာ (ဈ) လိုင်းပြင်ပညာ (ည) ဖစ်တာ(ဆက်သွယ်ရေး)ပညာ	စက်မှုလက်မှု အထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများ။
(ဋ) လိုင်းမင်း(ဆက်သွယ်ရေး)ပညာ (ဌ) ဆက်သား(ယာဉ်စီး)ပညာ (ဍ) မော်တော်ယာဉ်မောင်းပညာ (ဎ) ယာဉ်မောင်းစက်ပြင်ပညာ	အခြေခံပညာ သတ္တမတန်းနှင့် အထက်အောင်မြင်ပြီးသူများ။

၂။ ရွေးချယ်ခြင်းခံရပါက-

(က) အပိုဒ်(၁) (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) ပညာသည်များသည် သက်ဆိုင်ရာ သင်တန်း အောင်မြင်ပြီးပါက တပ်ကြပ်ကြီးအဆင့် တိုက်ရိုက်ခန့်အပ်မည်။ တပ်ကြပ်ကြီး လုပ်သက်(၃)နှစ်ပြည့်ပြီး အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ပါက ဒုအရာခံဗိုလ် ခန့်အပ်ခြင်းခံရမည်ဖြစ်ပြီး ဒုအရာခံဗိုလ်(၃)နှစ်ပြည့်ပြီး အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ပါက အရာခံဗိုလ်အဆင့် တိုးမြှင့်ခန့်အပ်ခြင်းခံရမည်။

(ခ) အပိုဒ်(၁) (စ)၊ (ဆ)၊ (ဇ)၊ (ဈ) ပညာသည်အများအနက်မှ အခြေခံပညာအထက်တန်းအောင်မြင်ပြီး သက်ဆိုင်ရာ သင်တန်းများ အောင်မြင်ပြီးပါက ဒုတိယတပ်ကြပ်အဆင့် တိုးမြှင့်ခန့်အပ်မည်။

(ဂ) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဗိုလ်လောင်းသင်တန်း ခေါ်ယူသည့်အခါ ဗိုလ်လောင်းသင်တန်း လျှောက်ခွင့်ပြုမည်။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား(အမျိုးသား)ဖြစ်ရမည်။

(ခ) အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်း ရှိရမည်။

(ဂ) အနည်းဆုံးအရပ် (၅ပေ ၂လက်မ)၊ ရင်အုပ်ဖွင့်လျက် (၃၃) လက်မနှင့် ကိုယ်အလေးချိန် ၁၀၅ပေါင် ရှိရမည်။

(ဃ) စကားအထစ်အငေါ့ ဆွံ့အမှု မရှိစေရ၊ နားမထိုင်းရ၊ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းများ ကောင်းရမည်။

၄။ ဝင်ရောက်အမှုထမ်းလိုသူများသည် အောက်ပါစာရွက်စာတမ်းများနှင့် အတူ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ကာကွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်နှင့် မိမိဒေသရှိ နီးစပ်ရာဆက်သွယ်ရေး တပ်ရင်း/တပ်/တပ်ခွဲတည်ရှိရာ မြို့များတွင် သွားရောက်ဆက်သွယ် စာရင်းပေးသွင်းနိုင်သည်-

(က) နိုင်ငံသားစိစစ်ရေးကတ်(ရှိလျှင်)

(ခ) သက်ဆိုင်ရာ ကျောင်းအောင်လက်မှတ် မူရင်းနှင့်မိတ္တူ (သို့) အောင်မြင်သည့် အတန်း၊ မွေးသက္ကရာဇ် ဖော်ပြထားသည့် ကျောင်းအုပ်ကြီး တံဆိပ်နှင့် ထောက်ခံချက်များ။

(ဂ) မိမိနေထိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းတို့မှ ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံချက်။

ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး။

ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် ၉က/၇၁၇၅ မော်တော်ယာဉ်၏ လိုင်စင်စာအုပ်ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **မျိုးအောင်(ခ)အောင်ကျော်မိုး**

ဖုန်း-၀၉၉၉-၇၂၅၉၄၊ ၀၉-၅၀-၀၅၈၆၀၊ ၇၀၇၂၄၀။

☎ 249871 ... 0999-72025

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ကမ/၁၀၄၇၀ ဟွန်ဒါ ၁၂၅ မော်တော်ဆိုင်ကယ် လက်ဝယ်ရှိသူ အမည် ဦးအိုက်ဆိုင် ၁၃/သပန(နိုင်) ၀၃၇၈၂၈က ယာဉ်မှတ်ပုံတင်(ကမ-၃) ပျောက်ဆုံး၍မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး ကျောက်မဲ။

ရောင်းရန်ရှိသည်

ရေခဲမုန့်၊ ရေခဲချောင်း ပြုလုပ်သည့် စက်ပစ္စည်း စုံ အသင့်တပ်ဆင် လည်ပတ်နိုင်သည်။

ဖုန်း-၆၆၃၅၈၃။

သံတမန်ကျွမ်းကျင်မှုသင်တန်း ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် အောက်တိုဘာ ၁၄

သံတမန်ကျွမ်းကျင်မှု (BDS/EDS) သင်တန်းသားသင်တန်းသူများ၏ ဒသမအကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပွဲကို မစိုးရိမ်ကျောင်းတိုက် ပြည်လမ်း စမ်းချောင်းမြို့နယ်၌ အောက်တိုဘာ၂၉ ရက် နံနက်၉နာရီမှ ၁၂နာရီအထိကျင်းပမည်ဖြစ်သည်။ အပတ်စဉ်အားလုံးမှ သင်တန်းသားသင်တန်းသူများအားလုံး တက်ရောက်နိုင်ကြောင်းနှင့် ပါဝင်လှူဒါန်းလိုသူများသည် ကိုနိုင်ဝင်း ဖုန်း-၀၉၉၉-၂၃၅၈၇၊ ကိုသိန်းအောင် ဖုန်း-၀၉-၅၀-၀၅၉၀၁၊ ကိုဇော်မြင့် ဖုန်း-၅၁၃၀၆၃၊ မစန္ဒာဇော် ဖုန်း-၀၉-၈၀၃၁၄၇၆နှင့် မသီဂီ ဖုန်း-၀၉-၅၁-၁၅၆၅၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

	မိုက်တီးလေးများ	
	မိုက်တီးလေးများ	
	X-MEN (3) THE LAST STAND	HUGH JACKMAN, HALLE BERRY, IAN McKELLEN, FAMKE JANSSEN
ရွှေဆောင်	SUPERMAN RETURNS	BRANDON ROUTH, KATE BOSWORTH, KEVIN SPACEY, JAMES MARSDEN
	PIRATES OF THE CARIBBEAN 2 DEAD MAN'S CHEST	JOHNNY DEPP, ORLANDO BLOOM, KEIRA KNIGHTLEY, JACK DAVENPORT
	မိုက်တီးလေးများ	
	MISSION IMPOSSIBLE III (M.I.3)	TOM CRUISE, VING RHAMES, KERI RUSSELL, PHILIP SEYMOUR HOFFMAN

NAING Group Home Decoration Centre

No(117-127), 33rd Street (middle), Kyauktada Tsp, Yangon.

Ph : 951-248082, 375491, 381707 Fax : 373759

No(1/68), Bo Tauk Htain Street, Near Myo Ma Bazaar, Pyinmana. Ph: 067-21454

ပိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲ

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် (၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်) ၃-၁၁-၂၀၀၆ရက် (သောကြာနေ့) ညနေ ၅နာရီမှစတင်၍ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၂၄)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲကျင်းပမည်ဖြစ်ရာ ပထမဆုငွေကျပ် တစ်သိန်း၊ ဒုတိယဆုငွေကျပ် ကိုးသောင်း၊ တတိယဆုငွေကျပ် ရှစ်သောင်းနှင့် နှစ်သိမ့်ဆုများအဖြစ် ငွေကျပ် သုံးသောင်းစီနှင့် ရွှေတံဆိပ်ဆုများ ချီးမြှင့်ပါမည်။ ပါဝင်ယှဉ်ပြိုင်လိုသူ အသက်(၁၆)နှစ်မှ (၄၅)နှစ်အတွင်းရှိ ရက်ကန်းပညာရှင် အမျိုးသမီးများသည် ၂၁-၁၀-၂၀၀၆ရက်(စနေနေ့) ညနေ ၃နာရီမတိုင်မီ ဂေါပကအဖွဲ့သို့လျှောက်ထားစာရင်းသွင်းယှဉ်ပြိုင်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ခင်မောင်ဝင်း။

Hotel, Restaurant, Air Con Express ... No-2 ... No-1 ...

Phone-653575, Ext:211

MRTV-4 ... MILK SHAKE ...

Master ... 09-5134497

မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ဒေသအချို့၌ရေကြီးရေလျှံမှုဖြစ်ပွား ရထားလမ်း၊ကားလမ်းနှင့်တံတားများအား တာဝန်ရှိသူများကပြန်လည်ပြင်ဆင် ရေဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးလုပ်ငန်းများပံ့ပိုးဖြည့်ဆည်းပေးနေ

နေပြည်တော် အောက်တိုဘာ ၁၄

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံအနှံ့အပြား၌ မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ချောင်းများအတွင်း ရေကြီးရေလျှံမှုများဖြစ်ပွားကာ လူနေအိမ်ခြေများအထိ ရေများဝင်ရောက်၍ လယ်ယာမြေအချို့ ရေကြီးနစ်မြုပ်ခြင်း၊ ရထားလမ်း၊ ကားလမ်းများ ရေကျော်ခြင်းများ ဖြစ်ပွားခဲ့သည်။

ပြန်လည်ပြင်ဆင်

ကချင်ပြည်နယ် ဗန်းမော်မြို့မှ မန္တလေးမြို့သို့သွားသော ကားလမ်း၌ အောက်တိုဘာ၇ရက်နှင့် ၉ရက်များတွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် တံတားအချို့ ပျက်စီးမှုရှိခဲ့ပြီး ကားလမ်းအား ခေတ္တပိတ်၍ တံတားများ ပြန်လည် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ရေကျော်

စစ်ကိုင်းတိုင်း ကျွန်းလှဘူတာနှင့် ကန့်ဘလူဘူတာကြားတွင်လည်းကောင်း၊ ရေဦးမြို့နယ် ကန်ပြာကျေးရွာနှင့် တင်းတိန်ရုံကျေးရွာကြားတွင်လည်းကောင်း၊ ကျွန်းလှမြို့နယ် ကိုင်းတောရွာအနီးတွင်လည်းကောင်း ရထားလမ်းများ ရေကျော်လျက်ရှိသဖြင့် ရထားသံလမ်းအချို့ ပျက်စီးခဲ့ကြောင်း၊ ရထားများ သွားလာနိုင်မှုမရှိသဖြင့် ခေတ္တရပ်ဆိုင်း၍ လိုအပ်သည့် လမ်းပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း။

ကူညီထောက်ပံ့

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကနီမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ ဒီပဲယင်းမြို့နယ်များရှိ ကျေးရွာအချို့သို့ ရေများဝင်ရောက်ခဲ့သဖြင့် နေအိမ်များ ရွှေ့ပြောင်းပေးခဲ့ရပြီး စာသင်ကျောင်းအချို့ ခေတ္တပိတ်ထားပေးခဲ့ကြောင်း၊ ရွှေ့ပြောင်းနေရာချထားပေးသော ကယ်ဆယ်ရေးစခန်းများသို့ တာဝန်ရှိသူများက သွားရောက်၍ ကူညီထောက်ပံ့မှုများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

မကွေးတိုင်း မကွေးမြို့ ရွာသစ်ပွဲကြိုရပ်ကွက်ရှိ လမ်းအချို့တွင် ရေကျော်လျက်ရှိပြီး ကလေး-ဂန့်ဂေါ ရထားလမ်းပိုင်း နေရာအချို့၌ မြေပြိုကျမှုကြောင့် ရထားခရီးစဉ်အချို့ ရွှေ့ဆိုင်းခဲ့ရကြောင်း၊ ရထားလမ်းပိုင်းအား မြန်မာ့မီးရထားမှ အင်ဂျင်နီယာမှူးကြီး(မြို့ပြ) ဦးဆန်းလွင်နှင့် တာဝန်ရှိသူများက ပြင်ဆင်မွမ်းမံလျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်း အောင်မြေသာစံမြို့နယ်ရှိ ရပ်ကွက်သုံးခု၊ ချမ်းအေးသာစံမြို့နယ်ရှိ ရပ်ကွက်သုံးခု၊ ချမ်းမြသာစည်မြို့နယ်ရှိ ရပ်ကွက်ခုနစ်ခု၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ရပ်ကွက်ငါးခုတို့တွင် ရေများဝင်ရောက်ခဲ့ပြီး တဲအိမ်ခြောက်လုံးကို ကုက္ကိုပင်ပိမိခဲ့သဖြင့် လူငါးဦးသေဆုံးခဲ့ကြောင်း၊ အိမ်ထောင်စုအချို့အား ရေဘေးလွတ်ကင်းရာသို့ ရွှေ့ပြောင်းနေရာချထားပေးခဲ့ပြီး စာသင်ကျောင်းအချို့ကိုလည်း ခေတ္တပိတ်ထားခဲ့ကြောင်း။

ရွှေ့ပြောင်းနေရာချထား

ဇော်ဂျီမြစ်ကမ်းဘေးရှိ ကျေးရွာအချို့သို့ ရေများဝင်ရောက်ခဲ့ပြီး စဉ့်ကိုင်မြို့နယ် စွန်ရဲကျေးရွာရှိ နေအိမ်၁၆၆လုံးမှ မိသားစုဝင်များအား ရွှေ့ပြောင်းနေရာချထားပေးခဲ့ကြောင်း။

ကျောက်ပန်းတောင်းမြို့နယ် တောင်ပေါ်တောင်ရွာနှင့် ငရုံ့ကုန်းရွာအကြားရှိ သဘာဝရေထွက်တွင် ရေချိုးနေကြသည့် တောင်ပေါ်တောင်ရွာသား ၁ဦး ရေထဲမျောပါသွားခဲ့ကြောင်း။

အမရပူရမြို့နယ်၊ မြစ်သားမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ် အတွင်းရှိ ရွာအချို့တွင် ရေများဝင်ရောက်မှုကြောင့် လူ၊ တိရစ္ဆာန်များ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရေနစ်မြုပ်

စဉ့်ကိုင်မြို့နယ်တွင် မြစ်ငယ်တံတားနှင့် ရန်ကုန်-မန္တလေး လမ်းတို့၌ ရေအနည်းငယ်ကျော်နေပြီး ရေနစ်မြုပ်မှုကြောင့် စဉ့်ကိုင်မြို့နယ်တွင် နှစ်ဦး၊ ကျောက်ဆည်မြို့နယ်တွင် လူသေပျောက်မှု တစ်ဦး စုစုပေါင်းသေဆုံးသူသုံးဦး ရှိကြောင်း သိရသည်။

ခေတ္တပိတ်ခဲ့

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျောက်ဆည်ခရိုင် မင်းစုဘူတာနှင့်မြစ်သားဘူတာအကြားရှိ မိုင်တိုင်အမှတ် ၃၅၂/၁၇မှ ၃၅၂/၂၂အထိ ရထားသံလမ်းအထက် ရေအနည်းငယ်ကျော်လွှန်လျက်ရှိသဖြင့် အောက်တိုဘာ ၉ရက်မှစတင်၍ မန္တလေးရထားလမ်းအား ခေတ္တပိတ်ထားခဲ့ရာ ရန်ကုန်ဘူတာကြီးမှ မန္တလေးသို့ ထွက်ခွာလာသော ရထားများသည် သာစည်ဘူတာသို့ ညနေပိုင်းတွင် ရောက်ရှိလာခဲ့ကြောင်း၊ အဆိုပါ ရထားများမှ ခရီးသည်များအား ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာနပိုင် မော်တော်ယာဉ်များဖြင့် မန္တလေးဘူတာကြီးသို့ အောက်တိုဘာ ၁၀ရက်တွင် ပို့ဆောင်ပေးခဲ့ကြောင်း။

အောက်တိုဘာ၁၁ရက်နံနက်တွင် မန္တလေးဘူတာကြီးမှရန်ကုန်သို့သွားရောက်မည့် ခရီးသည်များအား ကုန်းလမ်းပို့ဆောင်ရေးဌာနပိုင် မော်တော်ယာဉ် ၃၇စီးဖြင့် သဲတောဘူတာကြီးသို့ ပို့ဆောင်၍ ရထားဖြင့် ရန်ကုန်သို့ ဆက်လက်ထွက်ခွာသွားကြကြောင်း။

ပို့ဆောင်ပေး

အလားတူ မြစ်သားမြို့နယ် သပြေတောင်းဘူတာတွင် ညအိပ်ရပ်နားခဲ့သော အမှတ်(၂၉)၊ အမှတ်(၁၇)၊အမှတ်(၃)နှင့်အမှတ်(၅)အဆန်ရထားတို့မှ ခရီးသည်များအား မော်တော်ယာဉ် ၃၅စီးဖြင့် သဲတောဘူတာသို့ပို့ဆောင်၍ ၎င်းမှမန္တလေးသို့ရထားဖြင့် ဆက်လက်ထွက်ခွာသွားခဲ့ကြောင်း။

ထွက်ခွာ

ထို့ပြင် သဲတောဘူတာတွင် ရပ်နားခဲ့သော အမှတ်(၃၀)၊အမှတ်(၁၈)၊ အမှတ်(၄)နှင့် အမှတ်(၆) အစုန် ရထားများသည် အောက်တိုဘာ ၁၁ရက် မွန်းလွဲ၁နာရီခန့်တွင် ရန်ကုန်သို့ အသီးသီးထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်း ဖျာပုံခရိုင်ရှိ ဗန်ဒါပင်ကျေးရွာနှင့် ခါးပြတ်ကျေးရွာတို့တွင် ရေကြီးမှုကြောင့် နေအိမ် ၂၃လုံး ပျက်စီးဆုံးရှုံးခဲ့ပြီး ရေဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေး စခန်းများတွင် နေရာချထားပေးခြင်း၊ ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကယ်ဆယ်ရေး

အထက်ပါ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချို့ယွင်းပျက်စီးခဲ့သည့် မီးရထားလမ်းနှင့်ကားလမ်းပိုင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်၍ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရေကြီးမှုဖြစ်ပွားခဲ့သည့် ကျေးရွာများမှ ဒေသခံပြည်သူများအား နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည်များ ကူညီပံ့ပိုးဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးသို့ ဆေးရုံသုံးစက်ကိရိယာများအတွက် အလှူငွေကျပ်သိန်း ၅၀လှူဒါန်းပွဲကို အောက်တိုဘာ ၁၃ရက်ကပြုလုပ်ရာ အလှူရှင် ပုဇွန်တောင်မြို့နယ် လိပ်ကန်လမ်း အမှတ် ၃၅နေ ဒေါက်တာဦးတင်၏သမီး ဒေါက်တာဒေါ်လှစိန် မိသားစုက ဆေးရုံအုပ်ကြီး ဒေါက်တာစမ်းစမ်းလှိုင်သို့ အလှူငွေပေးအပ်လှူဒါန်းစဉ်။

(၃၅၂)

ဟသ်ာတ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)ကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၉ရက်က အသင်းဝင်များ စုပေါင်း၍ ဟသ်ာတမြို့ မြို့သူကြီး ဘုရားပရိဝုဏ်အတွင်း အုတ်စီခြင်းဖြင့် ကုသိုလ်ဒါနလှူဒါန်းပွဲကျင်းပစဉ်။ (ခရိုင် ပြန်/ဆက်)

လင်းခေးမြို့ မဟာမြတ်မုနိဘုရား ရွှေသင်္ကန်းကပ်လှူပူဇော်

လင်းခေး အောက်တိုဘာ ၂

လင်းခေးမြို့နယ် မဟာမြတ်မုနိ ဘုရား ဂေါပကအဖွဲ့က ကြီးမှူး၍ မဟာမြတ်မုနိဘုရား ဆင်းတုတော်အား ကိုယ်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၈ရက် နံနက် ၉နာရီက မြို့လယ် ဓမ္မာရုံတွင် ကျင်းပသည်။

သီလခံယူ

ရှေးဦးစွာဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းက ဘုရားရွှေသင်္ကန်း ကပ်လှူရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး ကြွရောက်လာသည့် ဒေသ့ပရိသတ်များက နမောတဿ သုံးကြိမ် ရွတ်ဆိုပြီး ဘုရားကန်တော့၍ သံဃာတော် အရှင်မြတ်တို့ထံမှ ငါးပါး သီလခံယူကြသည်။

ထို့နောက် ဘုရားကို နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဝေနှင့် အဖွဲ့၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် အလှူရှင်ပြည်သူတို့က ရွှေသင်္ကန်း စုစုပေါင်းငွေကျပ် ၁၁သိန်း ဖိုးကို ကပ်လှူပူဇော်ကြပြီး ဂေါပက အဖွဲ့က အလှူရှင်များအား ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

တာချီလိတ်မြို့၌ ထူးချွန်သူများ ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်

တာချီလိတ် အောက်တိုဘာ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆) အခမ်းအနားကို စက်တင်ဘာ ၁၇ရက် နံနက်၉နာရီက အသင်းရုံး အစည်း အဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးဇော်မိုးအေး နှင့် အဖွဲ့ဝင်များ၊ ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်း ရေးမှူး ဦးကျော်သီဟနှင့် အသင်းဝင် များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌဒုတိယ ဗိုလ်မှူးကြီးဇော်မိုးအေးက အမှာစကား ပြောကြားပြီး ပညာရည်ထူးချွန်သူ များ၊ သတင်းစာပညာသင်တန်းတွင် ထူးချွန်သူဦးမြင့်ဝင်းလှ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံကြိုးစား ဆောင်ရွက်ခဲ့သည့် အသင်း ဝင်များ၊ ဒုစရိုက်နှိမ်နင်းရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူများ**(အပေါ်ပုံ)**၊ ပြည်နယ်အဆင့် ကျပန်း စကားပြောပြိုင်ပွဲတွင် ပထမဆုရ၊ ပြည်နယ်အဆင့်ပထမဆုရ ဘောလုံးအသင်းနှင့်ဘော်လီဘောအသင်းတို့အား ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ယင်းနောက် စေတနာအလှူရှင်များက အလှူငွေများ၊ ပစ္စည်းများပေးအပ်လှူဒါန်းရာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးကျော်သီဟနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေး

ဟားခါး အောက်တိုဘာ ၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ချင်းပြည်နယ် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး အလုပ်ရုံဆွေး နွေးပွဲကို စက်တင်ဘာ ၃၀ရက် နံနက် ၉နာရီက ဟားခါးမြို့ စာကြည့်တိုက် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်လက် ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင် ညွှန့်၊ ဟားခါး၊ ထန်တလန်နှင့် ဖလမ်း မြို့နယ်မှ ဦးစီးမှူးများနှင့်ဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမျိုး သမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းနှင့် စစ်မှုထမ်း ဟောင်းအဖွဲ့တို့မှ အမှုဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင် အောင်ညွှန့်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြော ကြားပြီး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနရုံးချုပ်မှ ဦးစီးအရာရှိ ဦးစိုး ညွန့်က ရှင်းလင်းဆွေးနွေးရာ တက် ရောက်လာကြသူများက အဖွဲ့အလိုက် အကြံပြုကြသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး ပညာပေးဟောပြော

အုတ်တွင်း အောက်တိုဘာ ၈

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာနက ပဲခူးရိုးမစိမ်းလန်း စိုပြည်ရေးနှင့် သစ်တောပညာပေးဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ရက်က ရွှေလောင်းကျေးရွာအုပ်စု တဘက်ကွေ့ကျေးရွာ ကြက်ဆူစိုက်ခင်း ရှင်းလင်းဆောင်တွင် ကျင်းပရာ အုတ်တွင်းမြို့နယ်သစ်တောဦးစီးအရာရှိ ဦးကျော်ဇေယျက အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဟောပြောဆွေးနွေး

ထို့နောက် တောအုပ်ကြီး ဦးမောင်မောင်ခင်နှင့် ဘိနယ်တာဝန်ခံတောအုပ် ဦးညဏ်လွင်ဦးတို့က ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များကို ဟောပြောဆွေးနွေးကြသည်။

ကျင်းပ

အလားတူသစ်တောပညာပေးဟောပြောပွဲကို စက်တင်ဘာ၃၀ရက် နံနက် ပိုင်းက ပေါက်တောကျေးရွာ ကျန်းမာရေးဌာနခွဲခန်းမတွင်ကျင်းပရာ မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဇေယျ၊ တောအုပ်ကြီး ဦးမောင်မောင် ခင်နှင့် ဘိနယ်တာဝန်ခံတောအုပ် ဦးသိန်းထွန်းတို့က ဟောပြောဆွေးနွေး ကြသည်။ **(၃၁၆)**

ပေါင်၊ မော်လမြိုင် နှင့် မုဒုံ သုံးမြို့နယ် စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်များ စုပေါင်း၍ စာပေရေးရာ နှီးနှောဖလှယ်ပွဲ အခမ်းအနားကိုစက်တင်ဘာ၂ရက်ကပေါင်မြို့နယ် ဘန့်ဘွေးကုန်း ကျေးရွာ ဆလရ တည်းခိုရိပ်သာတွင်ကျင်းပရာ မော်လမြိုင်မြို့ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်ထွန်း(ကျော်ဟိန်းအောင်) ဆွေးနွေး ဟောပြောစဉ်။ (၂၆၀)

ဆရာပံ့ပိုးကြသော အလှူရှင်များ ဂုဏ်ပြု ပညာရည်ချွန်ဆုပေးအပ်ပွဲ မော်ကျွန်း၌ကျင်းပ

မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၀

မော်လမြိုင်ကျွန်း မြို့နယ်အသင်းမှ မော်လမြိုင်ကျွန်း (ဌာနေ)အသင်းဝင် သက်ကြီးများအား ပူဇော်ကန်တော့ပွဲ၊ ကျေးရွာအလယ်တန်းပညာရေးတွင် ဆရာပံ့ပိုးကြသော အလှူရှင်များအား ဂုဏ်ပြုပွဲနှင့် တက္ကသိုလ်ဝင်တန်း အောင် မြင်သူများအား ပညာရည်ချွန်ဆုပေးပွဲ ကို အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ မော်ဧရာ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းမြင့်နှင့် အမှတ်(၁) အထက်တန်းကျောင်းအုပ်ကြီး ဦးထွန်း မြင့်တို့က အမှာစကားပြောကြားကြပြီး မော်လမြိုင်ကျွန်းမြို့နယ်အသင်းဥက္ကဋ္ဌ ဦးသိန်းလှိုင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးသောင်း ညွန့်တို့က မော်လမြိုင်ကျွန်းမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ် အသင်းမှ ကြိုးပမ်းဆောင်ရွက်အကောင် အထည်ဖော်မှုလုပ်ငန်းများကို ရှင်းလင်း တင်ပြသည်။

ပေးအပ်

ထို့နောက် မော်လမြိုင်ကျွန်းမြို့နယ် (ဌာနေ)အသင်းဝင် အသက် ၇၅ နှစ် အထက် သက်ကြီးဘိုးဘွား ၁၆ ဦးတို့ အား ပူဇော်ကန်တော့ငွေနှင့် ပူဇော် ပစ္စည်းများကိုလည်းကောင်း၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင် သူ ၁၆ ဦးတို့အား ပညာရည်ချွန်ဆု များကိုလည်းကောင်း၊ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ကျေးရွာအလယ်တန်း ပညာရေးတွင် ဆရာပံ့ပိုးကြသော အလှူရှင် ၁၂ ဦးတို့အား ဂုဏ်ပြုမှတ် တမ်းလွှာများကိုလည်းကောင်း ပေးအပ် ကြသည်။ **(ဝဲပုံ)** **(၀၉၇)**

၁၃၆၈ ခုနှစ်
သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
၁၆-၁၀-၂၀၀၆ (တနင်္လာနေ့)

မြန်မာ့အသံ နားဆင်စရာ

နံနက်ပိုင်း

၀၇:၀၀ တရားတော်(မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဟောပြောချက်)
၁၁:၄၀ သိပ္ပံအကြောင်း သိကောင်းစရာ (သိပ္ပံနှင့် နည်းပညာတိုးတက်မှု တချို့) (သိပ္ပံမှူးတင်)
၁၂:၀၀ တစ်ပတ်အတွင်းသတင်းပဒေသာ
၁၂:၂၅ အားကစားသတင်းပဒေသာ
၁၂:၃၅ ကျန်းမာရေးရာ ပြန်ကြားလွှာ
၁၃:၁၀ ပညာရေးအစီအစဉ် (ပထမတန်းစာရိတ္တနှင့် ပြည်သူ့နီတိ) (တာဝန်ကိုယ်စီ)

ညနေပိုင်း

၁၆:၁၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
(၁) ပန်းပန်ရင်နန်းဆန်တယ် (ဟေမာနေဝင်း)
(၂) ယာတောသူ (အကော်ဒီယံအုန်းကျော်)
(၃) မယ်အေးတို့ရွာ (ကြည်ကြည်စိုး)
၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ
၁၇:၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မြစ်ဝကျွန်းပေါ် ပင်လယ် ကမ်းခြေဒေသ ပင်လယ်ရေ လုပ်သားများ၏ ရာသီဥတု ခန့်မှန်းမှု နိမိတ်ပုံရိပ်များ) (မင်းသစ္စာလှိုင်-ကဒုံကနီ)
၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်ဦးဘုန်းမြင့်) Better English
၁၉:၁၅ ဆိုင်းအဖွဲ့ ဖျော်ဖြေခန်း (ရွာစားကြီး ဆိုဗီယက်ပြန် ဒို့စိန်ကုလားဆိုင်း၊ ရွာစားကြီး မန္တလေး စိန်မောင်ကိုဆိုင်းနှင့် ရွာစားကြီး စိန်လက်သန်းတို့၏ ဆိုင်းပဒေသာ)
၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ဆောင်းအမီ (မေလှမြိုင်)
(၂) အညာကသူငယ်ချင်း (ကိုကျော်ညွှန့်)
(၃) စင်တော်ကောက်၍ လျှောက်ရသောလမ်း (ကြွယ်ကြွယ်)

ရွှေဟင်္သာတောရပါဠိတက္ကသိုလ် ဘုရားကျောင်းနတ်လမ်းဖွင့်

ညောင်တုန်း အောက်တိုဘာ ၁၀

ပဲခူးတောရဘုန်းတော်ကြီး ဦးသီလ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်က စတင်တည်ထောင်တော်မူခဲ့သော ညောင်တုန်းမြို့ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ် ကျောင်းတိုက်တွင် အလှူရှင်များတည်ဆောက်လှူဒါန်းသော ဘုရားကျောင်းနတ်လမ်း ရေစက်ချပွဲနှင့် နတ်လမ်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဆဋ္ဌစံကျောင်းဆရာတော်ကြီးကိုယ်စား တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒဝံသာ ဘိဝံသက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်တော်မူသည်။ **(အပေါ်ပုံ)**

လှည့်လည်ကြည့်ရှု

ထို့နောက် ဆရာတော်ကြီးများ၊ သံဃာတော်များနှင့် အလှူရှင်များက နတ်လမ်းကို လှည့်လည်၍ကြည့်ရှုကြသည်။

ရေစက်ချ

ဆက်လက်၍ တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒဝံသာ ဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး တိုက်ကြပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ပညာဇောတာဘိဝံသက ရေစက်ချတရားဟောကြားတော်မူသည်။

၅၅သိန်းကုန်ကျ

အဆိုပါနတ်လမ်းမှာ အကျယ် ရှစ်ပေ၊ အမြင့် ကိုးပေ၊ အရှည် ပေ၂၀၀ ရှိပြီး တည်ဆောက်မှုအတွက် စုစုပေါင်း ကျပ် ၅၅ သိန်း ကုန်ကျခဲ့ကြောင်း သိရသည်။ **(ဝ၉၈)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက် ကပ်လျက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ဘိုကလေး ဈေးလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့နေ ဒေါ်စိန်စိန်နှင့် သားသမီး မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် အမှုဆောင်ဆရာတော် အရှင်ဝီရိယ(နန်းမား)ထံဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သင်္ဃန်းကျွန်းမြို့နယ် ၁၆/၃ ရပ်ကွက် သုမနလမ်း အမှတ် (၄၄၉) နေ ဦးမြသောင်း-ဒေါ်မြခင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက်အလှူတော်ငွေကျပ် တစ်သိန်းကို ပိဋကနှစ်ပုံခွဲ အောင်ဆရာတော်ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

မန်စီမြို့၌ ကျောင်းဆောင်သစ်ဆောက်ရန် ငွေလှူဒါန်း

မန်စီ အောက်တိုဘာ ၉

ကချင်ပြည်နယ် မန်စီမြို့ အေးသာယာရပ်ကွက် တောင်တန်းသာသနာပြုကျောင်းအတွင်း၌ နိုင်ငံတော်မှ မတည်လှူဒါန်းငွေဖြင့် ဆောက်လုပ်မည့် သာသနာပြုကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၆ရက်က တောင်တန်းသာသနာပြုကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ တောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တ စန္ဒဇောတိ (ဓမ္မာစရိယ၊ B.A ဝိနယဝိဒူ)၊ မန်စီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်း၊ ဗန်းမော်ခရိုင် သာသနာရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်စိုးအမှူးပြုသော ကျောင်းဆောက်လုပ်ရေးဆပ်ကော်မတီမှ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အလှူငွေပေးအပ်ရာတွင် ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အေးသာယာရပ်ကွက် အလှူရှင်များက လှူဒါန်းသောငွေ ၁၃သိန်းအပါအဝင် အလှူရှင် ၂၆ဦးက စုစုပေါင်းလှူဒါန်းငွေကျပ် ၁၀၂၅၀၀၀ကို လည်းကောင်း၊ အစမ့်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ပညာရေးပဒေသာပင် အလှူငွေပေးအပ်ရာတွင် အေးသာယာရပ်ကွက်အလှူရှင်များက လှူဒါန်းငွေကျပ် ခုနစ်သိန်း အပါအဝင် အလှူရှင် ၃၀မှ စုစုပေါင်းလှူဒါန်းငွေကျပ် ၁၁၇၉၀၀၀ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး လှူဒါန်းမှုအစုစုအတွက် တောင်တန်းသာသာနာပြုဆရာတော်ထံမှ ရေစက်ချအနုမောဒနာ တရားနာကြားကြသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်တွင်းကြီးမြို့နယ် တရပ်ကောကျေးရွာအုပ်စု သဖန်းကုန်းကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောက်လုပ်သော ကျေးလက်အိမ်ရာကို အောက်တိုဘာ ၃ ရက်က အမှုဆောင်အရာရှိ အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကြီးတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

စပါးသီးနှံ စိုက်ဧကပြည့်မီအောင် စိုက်ပျိုးရေး လယ်သမားများနှင့် ခရိုင်ဥက္ကဋ္ဌတွေ့ဆုံဆွေးနွေး

ပျော်ဘွယ် စက်တင်ဘာ ၂၀

ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်သည် ပျော်ဘွယ်မြို့နယ် ဝက်လက်ကျေးရွာ အုပ်စုရှိ တောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီက ရှေ့တန်းနယ်မြေစိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ စခန်းရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ပျော်ဘွယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူး အောင်ပိုင်၊ အတွင်းရေးမှူး ဦးသက်ထားမောင်၊အဖွဲ့ဝင်(၂)မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ဝင်း၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာဥက္ကဋ္ဌများ၊ဒေသခံတောင်သူလယ်သမားများ တက်ရောက်ကြသည်။

ဆွေးနွေး

တွေ့ဆုံပွဲတွင် ခရိုင်ဥက္ကဋ္ဌက စပါးသီးနှံစိုက်ဧက ပြည့်မီအောင် စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍မှာကြားပြီး တောင်သူလယ်သမားများနှင့် ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။ (၂၅၀)

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် စက်တင်ဘာ ၁၅ ရက်က ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ အမှတ်(၁၁)ရပ်ကွက်ရှိ ခြံစည်းရိုးကြက်ဆူပင်ဧက ၂၀ စိုက်ကွင်းမှကြက်ဆူပင်များ သီးပွင့်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

သက်ကြီးရွယ်အိုများနေ့အခမ်းအနား မိတ္ထီလာ၌ကျင်းပ

မိတ္ထီလာ စက်တင်ဘာ ၂၀

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို စက်တင်ဘာ၁ရက် နံနက်၉နာရီက မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက်ရှိ ဘိုးဘွားရိပ်သာတွင် ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လူတင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တပ်ရင်းတပ်ဖွဲ့များ၊ တက္ကသိုလ်ကောလိပ်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင် အလှူရှင်များ စုပေါင်း၍ ငွေကျပ်၁၂၈၆၇၆၅ ကို ပေးအပ်လှူဒါန်းကြသည်။ **(၃၅၈)**

ထားဝယ်မြို့ မင်္ဂလာမျှော်အင်းကန်ရေပေးရေးအတွက် ဂါလန် ၃၂၀၀ ဆံ့ ရေစင်ဆောက်လုပ်မှုကို အောက်တိုဘာ ၂ ရက်က မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ (၂)ဦးသိန်းဇော်တို့ ကြပ်မတ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တောင်ငူမြို့မဈေး၌ ယင်လုံဆန်ခါဖြင့်ရောင်းချ

တောင်ငူ စက်တင်ဘာ ၃၀

တောင်ငူမြို့ မြို့မဈေးအတွင်း သန့်ရှင်းသာယာလှပရေး၊ အလေးချိန်ခွင် မှန်ကန်မှုရှိစေရေးနှင့် သား ငါးရောင်းချနေသောဆိုင်များ ယင်လုံဆန်ခါဖြင့်ရောင်းချရေးတို့ကို စက်တင်ဘာ ၁၂ ရက်က အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ် ကွင်းဆင်းစစ်ဆေးရာ ဒုတိယဦးစီးမှူး(ဈေး) ဦးအောင်သူရက လုပ်ငန်းဆောင်ရွက်ထားရှိမှုများ ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

M.A.E Education Centre
- IELTS REGULAR COURSES
- IELTS FOUNDATION
- BASIC SPEAKING
- BASIC GRAMMAR
- G.C.E 'O' COURSES

MYANMAR GOLDEN WAY CO.,LTD.
အိမ်ခြံမြေ အကျိုးဆောင်
လူကြီးမင်းတို့၏ အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း၊ ကွန်ဒို၊ လုံးချင်းနှင့် စက်မှုဇုန်မြေကွက်များအား ရောင်း၊ ဝယ်၊ ငှားရမ်းလိုပါက ယုံကြည်စိတ်ချစွာ အပ်နှံနိုင်ပါသည်။
ဆက်သွယ်ရန်- ၇၂၃၁၆၀၊ ၀၉-၅၀၀ ၆၃၁၄၊ ၀၉-၅၁၄၄၉၅၄။

FAME
ဆယ်ပင်အားဆေး
Completec®
Complete natural antioxidant formula

ကျေးဇူးဆပ်ပါမည်
ကျွန်မ၏ နိုင်ငံကူးလက်မှတ် အမှတ်(၇၁၂၁၅၂)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **မနှီာရ်ဗန်း**
Ph- ၅၀၁၈၉၇။

မော်လမြိုင်မြို့ သာမည-မိုးကုတ်ဝိပဿနာရေးကြို ဆန်တန်း ကျောင်းသစ်ကျောင်း၌ ငွေကျပ်သိန်း၂၅၀၀ကျော် အကုန်အကျခံ တည်ဆောက်လျက်ရှိသော အလိုတော်ပြည့်ဓမ္မာရုံ တည်ဆောက်ရန်အတွက် မော်လမြိုင်မြို့ ရွှေတောင်ရပ် အောက်လမ်းမကြီးနေ ဖခင် ဦးထွန်းရီ-မိခင် ဒေါ်ဝင်းမြိုင်တို့အားရည်စူး၍ မအေးနှင့် မောင်နှမများကအလှူတော်ငွေကျပ်၂၇သိန်းကို ဦးစီးပဓာနနာယက ကမ္မဋ္ဌာနာစရိယ တစ်ဘဝသာသနာ ဆရာတော်အရှင်သောဘန B.Sc (Phy:) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဒဂုံတက္ကသိုလ် သချၤာကျောင်းသားဟောင်းများ ပုဂံရွှေးဟောင်းဘုရားအတွက် အလှူငွေပေးအပ်

ရန်ကုန် အောက်တိုဘာ ၁၄

ဒဂုံတက္ကသိုလ် သချၤာကျောင်းသားဟောင်းများမှ အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ အရိယဝံသ၏ဩဝါဒကိုခံယူ၍ စုပေါင်းပြုပြင်တည်ထားခဲ့ပြီး ရွှေထီးတော်တင်လှူခဲ့သည့် ပုဂံရှေးဟောင်းဘုရားအမှတ် (၉၈၀-ဃ) ပညာသိပ္ပဓမ္မရုံသိစေတီတော်၏ ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်နှင့်ဘက်စုံပြုပြင်ရန် အလှူငွေပေးအပ်ပွဲ၊ သချၤာကျောင်းသားဟောင်းများတွေ့ဆုံပွဲ အခမ်းအနားကို အောက်တိုဘာ၈ရက် နံနက်၈နာရီက ရန်ကုန်မြို့ ရန်ကင်းစားတော်ဆက် မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်းနှင့် ဒုတိယပါမောက္ခချုပ် (ငြိမ်း) ဦးတင်လတ်တို့က ဩဝါဒစကားပြောကြားပြီး စေတီတော်အတွက် အလှူရှင်များက လှူဒါန်းငွေများပေးအပ်ကြရာ ဦးမျိုးတင့်-ဒေါ်ချိုချိုလှ မိသားစုကငွေကျပ်သုံးသိန်း၊ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် (၁၉၇၂-၇၇) ရူပဗေဒ ကျောင်းသားဟောင်းများက ငွေကျပ်တစ်သိန်း၊ ကိုလှိုင်မြတ်စိုး၊ ကိုမင်းနိုင်၊ ကိုစိုးလင်းတို့က ငွေကျပ်တစ်သိန်းငါးသောင်း၊ ကိုအောင်ခန့်ဦး-မနွဲ့တာမိသားစုတို့က ငွေကျပ်တစ်သိန်းတစ်သောင်း၊ ပါမောက္ခ ဦးတင်လတ်မိသားစုက ငွေကျပ် သုံးသောင်း၊ မမာလာမိသားစုက ငွေကျပ်ငါးသောင်း၊ မသဇင်မိသားစုက ငွေကျပ်ငါးသောင်း၊ မစန္ဒာဝင်းနှင့်အဖွဲ့က ငွေကျပ်ရှစ်သောင်း စုစုပေါင်း လှူဒါန်းငွေကျပ်၁၁သိန်းကို ပေးအပ်ပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင်သချၤာကျောင်းသားဟောင်းများတွေ့ဆုံပွဲကိုဆက်လက်ကျင်းပပြီး ပညာသိပ္ပဓမ္မရုံသိစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်၊ ဘက်စုံပြုပြင်မွမ်းမံမှု အလှူတော် ရေစက်ချပွဲ၊ အထက်ဋ္ဌာပနာတော်ထည့်သွင်း ပူဇော်ပွဲနှင့် ရွှေထီးတော်အသစ် ပြန်လည်တင်လှူပွဲတို့ကို ဒီဇင်ဘာ၂ရက်မှ၆ရက်အထိ ပုဂံမြို့၌ ကျင်းပရန် စီစဉ်ထားရာ အလှူရှင်များနှင့် သချၤာကျောင်းသားဟောင်းများ လိုက်ပါနိုင်ရေး စီစဉ်ထားကြောင်းသိရသည်။ **(က-ပ)**

ဗဟန်းမြို့နယ် သံလွင်လမ်း ဗောဓိရိပ်သာ အမှတ်(၁၂/က)နေ ကွယ်လွန်သူ ဒေါ်သန်းနွဲ့မေအား ရည်စူး၍ ကျန်ရစ်သူ သားသမီး မြေးတစ်စုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်ငါးသိန်းတန်ဖိုးရှိ ဆေးဝါးများ လှူဒါန်းရာ အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံးက လက်ခံယူစဉ်။ (က-ပ)

သီတဂူကြယ်တစ်ပွင့်ဓမ္မသဘင်

ရန်ကုန် အောက်တိုဘာ ၁၄

မန္တလေး ပြည်ကြီးတံခွန် တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည် ကျောင်းတိုက် ပဓာနနာယက သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ သဒ္ဓမ္မဇောတိကဓဇ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် အောက်တိုဘာ၂၁ရက် ညတွင် ရွှေပြည်အေးဓမ္မာရုံ ၁၇လမ်း မန္တလေး၊ ၂၂ရက် ညတွင်ရုံးပင်ကုန်းရွာကထိန် ဝက်လက်၊ ၂၃ရက်တွင် ဥပုသ်တော်ရပ် မန္တလေး၊ ၂၄ရက်တွင်အောင်ချမ်းသာရွာ စစ်ကိုင်း၊ ၂၅ရက်တွင်တောင်ဒါးဝယ်ရပ်မန္တလေး၊ ၂၆ရက်တွင် ဘနော့ရွာ ပလိပ်၊ ၂၇ရက်တွင် ပန်းဘဲရပ် အမရပူရ၊ ၂၈ရက်(ဆည်းဆာ)တွင် ကျွဲရဲရွာ၊ ညပိုင်းတွင် အောင်မင်္ဂလာရပ် မုံရွာ၊ ၂၉ရက်တွင် တပင်ကန်ရွာမြင်းခြံ၊၃၀ရက်(ဆည်းဆာ)တွင် နန္ဒဝန်ဓမ္မာရုံ ၃၃လမ်း၊ ညပိုင်းတွင် မင်းဖုံရပ် ၄၁လမ်း မန္တလေး၊ ၃၁ရက်နှင့် နိုဝင်ဘာ ၁ရက်တွင် အင်းရွာ ကသာမြို့၊ ၂ရက်တွင် မွေတော်ကျီကုန်း မန္တလေး၊၃ရက်တွင်(ဃ)ရပ်ကွက်၊သဃ်န်းကျွန်း ရန်ကုန်၊ ၄ရက်နှင့်၅ရက်တို့တွင် ဆိပ်ကြီးခနောင်တို ရန်ကုန်၊ ၆ရက်(ဆည်းဆာ)တွင် ရတနာမွန်အိမ်ရာ ရန်ကုန် ညပိုင်းတွင် ရာမညလမ်း တောင်ဒဂုံ၊ ၇ရက်တွင် ရတနာမွန်အိမ်ရာ ရန်ကုန်၊ ၈ရက်တွင် မဟာမြိုင်စာပြန်ပွဲ မော်လမြိုင်၊၉ရက်တွင်၄၈လမ်း (အထက်ဘလောက်)ရန်ကုန်တို့၌တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ပေးအပ်သော ဘက်စုံဒုတိယဆုနှင့် အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ပေးအပ်သောဘက်စုံပထမဆုများ ရရှိသည့်အတွက် အသင်းအမှုဆောင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို အောက်တိုဘာ၁ရက်က ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းလှအောင်ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။ (မြန်မာ့အလင်း)

ဘုံကထိန်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၄

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိ ပရိယတ္တိစာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ အမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား မဟာဗောဓိ ပရိယတ္တိသာသနာပြုအသင်းမှ ဦးဆောင်သော ဒါယကာ ဒါယိကာမများ စုပေါင်း၍ (၂၈)ကြိမ်မြောက်ဘုံကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်(အောက်တိုဘာ ၂၈ ရက်)စနေနေ့ နံနက် ၈နာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်၍ ဒါယကာ ဒါယိကာမများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ မိုင်းဖြတ်မြို့မဈေးအတွင်း ဆားရောင်းချသည့်ဆိုင်များတွင် အိုင်အိုဒင်းပါဝင်မှု အရည်အသွေးစစ်ဆေးခြင်းကို စက်တင်ဘာ၉ရက်က ခရိုင်ဆရာဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် အမှုဆောင်အရာရှိ ဦးကိုကိုတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

(၈၄)ကြိမ်မြောက် နှစ်ကျိုပ်ရှစ်ဆူဘုရားများ ဒိုက်ဦးမြို့၌ ဒေသစာရီ လှည့်လည်ပူဇော်မည်

ဒိုက်ဦး အောက်တိုဘာ ၁၀

ပဲခူးတိုင်း ဒိုက်ဦးမြို့၌ နှစ်စဉ်ကျင်းပလျက်ရှိသော(၈၄)ကြိမ်မြောက် နှစ်ကျိုပ်ရှစ်ဆူ ဗုဒ္ဓဘုရားများ ဒေသစာရီ လှည့်လည်ပူဇော်ပွဲ ကျင်းပရေး အစည်းအဝေးကို အောက်တိုဘာ ၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးတင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်မြင့်(ငြိမ်း)က ပွဲတော်ကျင်းပရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးသည်။

ဘုရားပွဲတော်ကို အောက်တိုဘာ ၃၀ရက်မှနိုဝင်ဘာ၅ရက်အထိ ခုနစ်ရက်တိုင်တိုင်စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့အစီအစဉ်ဖြင့် အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ တုတ်ထိုး၊ ချား၊ ဘားဆပ်ကပ်နှင့် ဈေးရောင်းပွဲတော် ကျင်းပလိုသူများသည် ဒုတိယဥက္ကဋ္ဌ ဦးအောင်ဝင်းဖုန်း- ၀၅၂-၄၀၀၃၇၊ အတွင်းရေးမှူး ဦးအောင်စိုး ဖုန်း-၀၅၂-၄၀၀၈၄ထံ ဆက်သွယ်နိုင်ကြောင်းသိရသည်။**(မြို့နယ်ပြန်/ဆက်)**

မအူပင်ခရိုင် ဥက္ကဋ္ဌဖလားလေးမြို့နယ် အရေးဗစ်ပြိုင်ပွဲနှင့် ဆုပေးပွဲကို အောက်တိုဘာ၃ရက်က မအူပင်ခရိုင် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ပထမတံခွန်စိုက်ဆုရ ပန်းတနော် မြို့နယ်အရေးဗစ်အဖွဲ့အား မအူပင်ခရိုင် အမျိုးသမီးအားကစား မြှင့်တင်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဦးက ပထမတံခွန်စိုက်ဆု ပေးအပ်ချီးမြှင့်စဉ်။ (၄၂၁)

အဓိကသီးနှံ ၁၀ မျိုး လျာထားချက်ပြည့်မီအောင်စိုက်ပျိုး ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် အောက်တိုဘာ ၁၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁၃ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းနယ်စပ် မီးနင်းချောင်းတံတားသို့ ရောက်ရှိပြီး ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များနှင့်အတူ ***စာမျက်နှာ ၉ ကော်လံ ၃*** ●

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

အလှည့်ကျသဘာပတိအဖွဲ့ဝင် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်မျိုးဝင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အလှည့်ကျသဘာပတိအဖွဲ့ဝင် အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးလှမြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏သက်တမ်းစတင်သည့်နေ့မှ ၁၅ ရက်အတွင်း ကျင်းပရမည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည် ပုံမှန်အစည်းအဝေးတစ်ကြိမ်နှင့်တစ်ကြိမ်အကြား ကာလသည် ၁၂ လထက်မပိုစေရ

ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများသည် မိမိတို့နိုင်ငံ၊ မိမိတို့နိုင်ငံသားများ ယခုကြုံတွေ့နေရတဲ့ခေတ်ကာလအခြေအနေအရပ်ရပ်နဲ့ လျော်ကန်သင့်မြတ်

ရန်ကုန် အောက်တိုဘာ ၁၄

အောက်တိုဘာ ၁၁ရက်က ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်" အခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များနှင့်စပ်လျဉ်း၍ သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကို ဖတ်ကြားတင်ပြသွားရာ အောက်ပါအတိုင်းဖြစ်သည်-

အမျိုးသားညီလာခံ ကိုယ်စားလှယ်များခင်ဗျား-

၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၅ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက-

"ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေပြုရေးအခန်းမှာ ပါဝင်ရမယ့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းလို့ ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါတယ်-

၁။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သက်တမ်း စတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့်နေ့ရက် ဖြစ်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့်နေ့မှ ၁၅ရက်အတွင်း ကျင်းပရမည်။

၂။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

၃။ (က) ပထမအကြိမ်ကျင်းပသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(ခ) ကတိသစ္စာမပြုရသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

စာမျက်နှာ ၆ ကော်လံ ၁ ❒